ကြေးမုံ
The Mirror
၁၃၆၅ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့၊ (8-4-2004) (၄၂၀၀)

ကာလေန ဓမ္မဿဝနံ တေံ မင်္ဂလ မုတ္တမံ။	သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ဆက်ကပ်လှူဒါန်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ရှာတော်မြို့ (ဘန်ဒါဘန်မြို့) တံတားကြီးရှာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည့် ပရိဘောဂစေတီ မဟာဗောဓိပင်စိုက်ပျိုးခြင်းနှင့် နတ်နဂါးမင်းရေကန်ကျောင်း အုတ်မြစ်စီအခမ်းအနားတွင် ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးလုပ်ငန်းများအတွက် အလှူငွေများကို ဘင်္ဂလားဒေ့ရှ် ဆရာတော် ဘဒ္ဒန္တ ပညာဇောတထံ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့၊ ဘန်ဒါဘန်မြို့နှင့် ကော့ဇ်ဘဇားမြို့များ၌ ချစ်ကြည်ရေးခရီး လှည့်လည်

ရှာတော်မြို့တွင် ပရိဘောဂစေတီ မဟာဗောဓိပင်စိုက်ပျိုး၊နတ်နဂါးမင်းရေကန်ကျောင်း အုတ်မြစ်စီ ဘင်္ဂလားဒေ့ရှ်–မြန်မာ ချစ်ကြည်ရေးကားလမ်း တည်ဆောက်ခြင်းအထိမ်းအမှတ် ကျောက်စာတိုင်ဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဧပြီ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. M. Morshed Khan **နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၅ရက် နံနက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့မှတစ်ဆင့် စစ်တကောင်းမြို့သို့ ဆက်လက်ထွက်ခွာရန် ဇီယာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက လေဆိပ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဘင်္ဂလားဒေ့ရှ်လေကြောင်း အထူးလေယာဉ်ဖြင့် ဒေသစံတော်ချိန် နံနက် ၈နာရီခွဲတွင် စစ်တကောင်းမြို့ Shah Amanat အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ Advisor to Foreign Affairs Mr. Reaz Rahman၊ Chittagone Divisional Commissioner Mr. Ashraful Mokbul နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘင်္ဂလားဒေ့ရှ် လေတပ်ရဟတ်ယာဉ်များဖြင့် ဘန်ဒါဘန်မြို့သို့ ရောက်ရှိကြရာ Bandarban Hill District Additional District Magistrate, Mr. Syed Md. Hashim နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ဆက်လက်၍ ရှာတော်မြို့ တံတားကြီးရှာသို့ ထွက်ခွာကြသည်။

ထို့နောက် ပရိဘောဂစေတီ မဟာဗောဓိပင် စိုက်ပျိုးခြင်းနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❀

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှာတော်မြို့ (ဘန်ဒါဘန်မြို့) တံတားကြီးရှာ မင်္ဂလာမဏ္ဍပ်၌ကျင်းပသည့် ပရိဘောဂစေတီ မဟာဗောဓိပင် စိုက်ပျိုးခြင်းနှင့် နတ်နဂါးမင်းရေကန်ကျောင်း အုတ်မြစ်စီ အခမ်းအနားတွင် မဟာဗောဓိပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၈–၄–၂၀၀၄
(ကြာသပတေးနေ့)

မြန်မာ–ဘင်္ဂလားဒေ့ရှ် ချစ်ကြည်ရင်းနှီးမှု ရှင်သန်တိုးပွား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ၏ ဖိတ်ကြားချက်အရ အဖွဲ့ဝင်များလိုက်ပါလျက် ဧပြီလ ၄ ရက်နေ့မှ ၆ ရက်နေ့အထိ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် သမိုင်းစဉ်အရ ဆက်သွယ်ဆက်ဆံမှုများ ရှိခဲ့ကြသည်။ ထို့အပြင် နှစ်နိုင်ငံတို့သည် တူညီသည့် ယဉ်ကျေးမှုအမွေအနှစ်များရှိပြီး ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့တွင် တူညီသည့်ရည်မှန်းချက်များ ရှိကြသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ကာလကြာရှည် ကတည်းကပင် ချစ်ကြည်ရင်းနှီးမှုရှိခဲ့ကြပြီး နှစ်နိုင်ငံ ခေါင်းဆောင်များသည် အပြန်အလှန်ချစ်ကြည်ရေးခရီးများ သွားလာလည်ပတ်လျက်ရှိကြသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၀၂ ခုနှစ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာသည် ၂၀၀၃ ခုနှစ် မတ်လအတွင်းက မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခဲ့သည်။

အဆိုပါ နှစ်နိုင်ငံခေါင်းဆောင်များ၏ ချစ်ကြည်ရေးခရီးစဉ်များသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေသည်သာမက နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၏ အောင်မြင်မှုသမိုင်းစာမျက်နှာသစ်များကို ဖော်ဆောင်ပေးနိုင်ခဲ့ပေသည်။

ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ပိုမိုခိုင်မြဲစေမည်ဖြစ်သည်။ မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်ရေးကဏ္ဍတို့သည် အလားအလာကောင်းမွန်လျက်ရှိရာ နှစ်နိုင်ငံပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်းနိုင်ပေသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက ဧပြီလ ၄ ရက်နေ့ ညပိုင်းတွင် ဒါကာမြို့ Hotel Sonargaon ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲတွင် နှစ်နိုင်ငံဝန်ကြီးချုပ်များက မိန့်ခွန်းပြောကြားကြရာ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က **ကျွန်တော်တို့နှစ်နိုင်ငံဟာ အိမ်နီးချင်းကောင်း ဆက်ဆံရေးနဲ့ ဆက်ဆံခဲ့ကြပြီး နှစ်နိုင်ငံအကြားမှာ ကြီးမားတဲ့ပြဿနာရယ်လို့ မရှိကြပါဘူး၊ မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ဟာ ကောင်းမွန်တဲ့ ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့ကြတဲ့အပြင် နှစ်နိုင်ငံနယ်စပ်ဒေသကို တည်ငြိမ်အေးချမ်းတဲ့ ဒေသတစ်ခုအဖြစ် တည်ရှိစေခဲ့လို့ ကျွန်တော်တို့ အမှန်ပဲဂုဏ်ယူနိုင်ခဲ့ကြပါတယ်၊ နှစ်နိုင်ငံနယ်စပ်ဒေသကို သာယာဝပြောတဲ့ဒေသအဖြစ် ဖန်တီးတည်ဆောက်ရေးဟာ ကျွန်တော်တို့ နှစ်နိုင်ငံအတွက် အထူးအရေးကြီးပါတယ်** ဟု ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက မိန့်ခွန်းပြောကြားရာတွင် **ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာနှစ်နိုင်ငံတို့ဟာ တူညီတဲ့ စီးပွားရေးစိန်ခေါ်မှုတွေကို ရင်ဆိုင်နေတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေ ဖြစ်ပါတယ်၊ ဒီစိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်ဖို့ နိုင်ငံရေးနဲ့ စီးပွားရေးအဆက်အသွယ်တွေ ပိုမိုတိုးမြှင့် ဆောင်ရွက်ရမှာဖြစ်ပါတယ်၊ ဒီကနေ့ နှစ်ဖက်တွေ့ဆုံဆွေးနွေးမှုတွေကလည်း ဒီဦးတည်ချက်ကို အတူတကွ ဖြေရှင်းမယ်ဆိုတဲ့ နှစ်နိုင်ငံရဲ့ရပ်တည်ချက်ကို ထင်ရှားစွာ ဖော်ဆောင်ခဲ့ပါတယ်** ဟူ၍ ပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ အထူးသဖြင့် နိုင်ငံတကာနယ်ပယ်၊ ကုန်သွယ်ရေးကဏ္ဍ၊ ကုန်းကြောင်းနှင့် ရေကြောင်း အဆက်အသွယ်များ တိုးမြှင့်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ကိစ္စများအပေါ် ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။ မြန်မာ–ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား နားလည်မှု စာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့ကြသည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကိုပိုမိုရှင်သန်တိုးပွားလာစေပြီး နှစ်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဓမ္မပဏ္ဏာတရားဟောကြားမည်

ရန်ကုန် ဧပြီ ၇

၁၃၆၆ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၁၃ ရက် မြန်မာနှစ်ဆန်း ၁ ရက်၊ ဧပြီ ၁၇ရက် နံနက် ၇နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် မကွေးတိုင်း ရေနံချောင်းမြို့ ရွှေတောင် ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ တေဇနိယ(အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသော ဆရာတော်ငါးပါးတို့က ဓမ္မပဏ္ဏာ(တရားလက်ဆောင်)တရားတော်နှင့် မင်္ဂလသုတ်ပါဠိတော်ကို အသံလွှင့်ဟောကြားတော်မူကြမည်ဖြစ်သည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အထကကျောင်းခွဲဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် ဧပြီ ၇

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မြန်အောင်မြို့နယ် ဇလုပ်မကျေးရွာ၌ ကျင်းပသော အခြေခံပညာအထက်တန်းကျောင်းခွဲ ဖွင့်ပွဲသို့တက်ရောက်အားပေးသည်။

ရှေးဦးစွာ မြန်အောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာသန်းထွဋ်၊ ဒေါင်းကျကျေးရွာ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသာလင်း၊ ကျောင်းအကျိုးတော်ဆောင် ဦးသိန်းအုပ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဖွင့်ပွဲကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က အမှာစကားပြောကြားသည်။

ယင်းနောက် ကျောင်းအတွက် ကွန်ပျူတာနှစ်လုံးနှင့် အလှူငွေများကို ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် အလှူရှင်များက ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူသည်။ (သတင်းစဉ်)

အကလေ့ကျင့်

ဧပြီ ၇ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာနမိသားစု မြန်မာ့ရိုးရာနှစ်သစ်ကူးမဟာသင်္ကြန် ရေသဘင်ပွဲတော်တွင် ကပြဖျော်ဖြေရန် ဝန်ထမ်းလုပ်ပျိုဖြူများ အပန်းဖြေရိပ်သာ၌ ယိမ်းအက လေ့ကျင့်ကြစဉ်။

(ကြေးမုံ)

သတိ

၁။ လေပေါင် ၁၀၀မှ ၁၅၀အထိ အတင်အချ ပြုလုပ်၍ရသည့် **ကွန်ပရက်ဆာပန့်များဖြင့်** ရေပက်ကစားခြင်းကြောင့် ရေစူးအား ပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်လုံး၊ နား ကန်းနိုင်ခြင်း **အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များအသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။**

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် **နံနက် ၀၇း၀၀နာရီမှ ၁၈း၀၀နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈း၀၀နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။**

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူ **ခံရမည်ဖြစ်ပါသည်။**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ပီတောက်လိုပဲ ခဥ္စာမြ

* သင်္ကြန်ပွဲသည်၊ မြန်မာပြည်၏
အတီရှေးခါ၊ ယဉ်ကျေးစွာဖြင့်
သီတာရေဖျန်း၊ စိတ်လန်းကြည်ရွှင်
ရေသဘင်ပွဲ၊ နှစ်ကူးပွဲတည့်။
* ပွဲတကာ့ပွဲ၊ မြန်မာ့ပွဲတွင်
သဘင်ရေပွဲ၊ အတာပွဲကား
အစည်ကားဆုံး၊ တစ်ပြည်လုံး၏
နှလုံးသည်းချာ၊ ပွဲရိုးရာတည့်။
* ရိုးရာအတာ၊ ပွဲမဟာသည်
မြန်မာ၏ဂုဏ်၊ ယဉ်ကျေးပုံများ
ပြသသွားရာ၊ ချက်အချာတည့်။
* ဤပွဲချိန်ခါ၊ နွေဦးအခါ၌
ပြည်ရွာတစ်လျှောက်၊ ပိတောက်ရွှေဝါ
ဖူးပွင့်ကာဖြင့်၊ ပြည်ရွာအနှံ့
ရနံ့မွှေးကြိုင်၊ ထုံသင်းလှိုင်၏။
* နှစ်တိုင်းနှစ်စဉ်၊ ပုံသွင်မပျက်
ခက်လက်ဝေဆာ၊ ပိတောက်ဝါသည်
ပြည်ရွာအလှ၊ ပန်ဆင်သသို့
မြန်မာ့သွေးသား၊ မြန်မာများသည်
တို့များမြန်မာ၊ ယဉ်ကျေးတာကို
စဉ်လာအတိုင်း၊ သိုင်းဝိုင်းညီညာ
ပြသကာဖြင့်၊ အတာရေပွဲ
သင်္ကြန်ပွဲတွင်
ဆင်နွှဲကြမည် တို့ယုံကြည်
အစဉ်အမြဲစိတ်ကြည်လန်းစေမည်
အသွင်လည်းလှမည် တို့မြန်ပြည်။ ။

မေရု

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည် ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့သူ ထောင်(၁)နှစ်
၂။ ကစားသူ ထောင်(၃)နှစ်
၃။ ထုတ်လုပ်ရောင်းချသူ ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သကြ်န်တွင်း မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၇

မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် ကမ္ဘာ့ဗုဒ္ဓဝိပဿနာဗိမာန်ကျောင်းတိုက်၌ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယကိုခံယူ၍ ဧပြီ ၁၁ ရက်မှ ၁၇ ရက်ထိ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ တေဇောဘာသနှင့် ကြံခင်းမြို့ ဓမ္မကထိက ဦးတင်အေးတို့က ပဋိစ္စသမုပ္ပာဒ်စက်ဝိုင်းဒေသနာနှင့်ခန္ဓာဉာဏ်ရောက်သစ္စာဆိုက် တရားများဟောကြားပြသမည်ဖြစ်သည်။ (က–ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ (၅၀)

ပေါက်စ

ပြောပြန်ရင်လည်း ပေါက်စလွန်ရာကျဦးမယ်ဗျာ။ ဒါပေမယ့် မပြောဘဲ ငြိမ်နေရင်လည်း သူတို့ပြောသမျှ၊ လုပ်သမျှတွေကို ဟုတ်လှချည်ရဲ့ဆိုပြီး ကိုယ့်ကိုယ်ကို အထင်ကြီးရင်းကြီးရင်းနဲ့ ကောင်းကင်လေစီးနေမှာကတော့ အသေအချာပေါ့ဗျာ။

အဲ ... အဖြစ်ကတော့ မနှစ်ကအတိုင်းပါပဲဆိုသလိုပေါ့ဗျာ။ ၂၀၀၄ ခုနှစ်၊ မတ်လ ၂၅ရက်နေ့က အမေရိကန်ကွန်ဂရက်လွှတ်တော်မှာ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ ကြားနာမှုလုပ်တယ်ဗျာ၊ နောက်ဆုံးပေါ်အသစ်ကျပ်ချွတ် ပူပူနွေးနွေး NLD ပြည်ပြေးဝရမ်းပြေး လွှတ်တော်အမတ်ဆိုသူ ဒေါ်စန်းစန်း တို့က ထုံးတမ်းစဉ်လာမပျက် ဓာတ်ပြားဟောင်းကြီးဖြစ်တဲ့ မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို လုပ်ကြံလီဆယ်တဲ့ စကားတွေနဲ့ မဟားတရားပုတ်ခတ်ကြပြီး သကာလ နောက်ဆုံး နိဂုံးချုပ်ဓာတ်သိမ်းသီချင်းကတော့ မြန်မာနိုင်ငံကို ဆက်၍ဆက်၍ စီးပွားရေးဒဏ်ခတ်ပိတ်ပင်ပေးပါတဲ့ခင်ဗျာ။

အဲသလိုမျိုး ခေါက်ရိုးကျိုး ရေခဲရိုက်ထားတဲ့ တစ်ခါလာမဲပြာပုဆိုးလို မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကိုလုပ်ကြံလီဆယ်တဲ့ ပုတ်ခတ်မှုတွေနဲ့ ပတ်သက်ပြီး ပေါက်စက ထောက်ပြချေပရှင်းလင်းရတာတွေလည်း အပ်ကြောင်းထပ်နေတော့ ထပ်မံပြီး နတ်သံနှောလို့ မပြောချင်တော့ဘူးဗျာ။

သို့သော်လည်းပေါ့ဗျာ။ နောက်ဆုံးပေါ်အသစ်ကျပ်ချွတ်ပူပူနွေးနွေး NLD ပြည်ပြေးဝရမ်းပြေး လွှတ်တော်အမတ်ဆိုသူ အမျိုးသမီးအကောင်းစားကြီးက ရွှတ်ဖတ်သွားတဲ့အထဲမှာ ဘယ်လိုကလီကမာတွေ ပါလာသလဲဆိုရင် သူ့ကိုသတ်ပစ်မှာ စိုးရိမ်တဲ့အတွက် တိုင်းပြည်ကထွက်ပြေးခဲ့ရတယ်လို့ ပြောလိုပြော၊ မြန်မာပြည်သူတွေဟာ သန့်ရှင်းတဲ့ရေတောင် မသောက်ရလို့ သေဖို့ဒဏ်ဆက်ပြီးခံနေရတယ်လို့ ပြောလိုပြောနဲ့ စိတ်ကောကောင်းသေးရဲ့လားခင်ဗျာ။ အဲ...ခေတ်ကာလသားသမီးတွေရဲ့ စကားကို ပေါက်စ ငှားရမ်းပြောရရင် အဲဒီအမျိုးသမီးအကောင်းစားကြီးရဲ့ ဦးနှောက်ဟာ ဘယ်နှခန်းလောက် ဖောက်ပြန်ပျက်စီးနေသလဲဗျာ။

ဘယ်လိုလဲခင်ဗျာ။ ကိုယ့်ကိုယ်ကို အထင်ကြီးတစ်ခွဲသားနဲ့ ပြည်ပြေးဝရမ်းပြေးလုပ်စားရင် ငါ့အဆင့်နဲ့ဆို အရမ်းအရမ်းချီးမြှင့်မြောက်စားပြီး သူ့ကောင်းပြုမှာပဲဆိုတဲ့ စိတ္တဇအစွဲအလမ်းနဲ့ မြန်မာနိုင်ငံရဲ့ ခြံစည်းရိုးခွေးတိုးပေါက်က လေးဖက်ထောက်ထွက်သွားခဲ့တာကိုပဲ အထင်ကြီးအောင် ဖြီးရှော့ရိုက်ပြနေတာဟာ ဒီမိုကရေစီလိုလားသူဟူသော ပုဂ္ဂိုလ်ကြီး ငယ်ရွယ်လတ် ပြည်ပြေးဝရမ်းပြေးအထီး၊ အမတွေရဲ့ ကိုယ်ကျင့်သီလတရားအဖြစ် ပေါက်စ မှတ်သားရမှာပေါ့ဗျာ။

ဘာလို့လဲဆိုတော့ အဲဒီ NLD ပြည်ပြေးဝရမ်းပြေး လွှတ်တော် အမတ်ဆိုသူ အမျိုးသမီးကို ဘယ်သူကမှလည်း အရေးတယူအထင်တကြီးနဲ့ စောင့်ကြပ်ကြည့်ရှုမနေပါဘူးခင်ဗျာ၊ အဲသလို အထင်တကြီးနဲ့ သက်ဆိုင်ရာက အခါမလပ် စောင့်ကြပ်ကြည့်ရှုနေခဲ့ရင်လည်း အခုလိုမျိုး ခြံစည်းရိုး ခွေးတိုးပေါက်က လေးဖက်ထောက်ပြီးထွက်သွားလို့ မရရေးချမရပါဘူးခင်ဗျာ။

တစ်ခုတော့ရှိသပေါ့ဗျာ၊ ပေါက်စ မတောက်တခေါက် ဖတ်ဖူးမှတ်ဖူးတဲ့ စိတ်ပညာဘုတ်အုပ်အချို့ရဲ့ အဆိုအရကတော့ ကိုယ့်ကိုယ်ကို သိပ်ပြီးအထင်ကြီးလွန်းသူတွေနဲ့ သိပ်ပြီးစိတ်ဓာတ်ရေးရာကျဆင်းသိမ်ငယ်လွန်းသူတွေဟာ အဲစာသံပေသံကျမ်းဂန်သံနဲ့ပြောရရင် စိတ်ဓာတ်ရေးရာ မူမှန်သဘာဝမဟုတ်ဘဲ အစွဲအလမ်းတစ်ခုခုနဲ့ အစွန်းရောက်နေတဲ့သူတွေဖြစ်လို့ ကိုယ့်အရိပ်ကိုယ်ပြန်ခြောက်ပြီး ကြောက်လန့်တကြားနဲ့ လေတိုက်လို့ သစ်ရွက်ကလေးလှုပ်တာတောင် သရဲခြောက်သလိုမျိုးဖြစ်တတ်သတဲ့ဗျာ၊ အဲသဟာကို စိတ်တည်ငြိမ်မှုမရှိတဲ့ စိတ်ကစဥ့်ကလျားရောဂါ ဖြစ်တယ်ဆိုလားပဲဗျာ။

အခုလည်း နောက်ဆုံးပေါ်အသစ်ကျပ်ချွတ် ပူပူနွေးနွေး NLD ပြည်ပြေးဝရမ်းပြေး အမျိုးသမီးအကောင်းစားကြီးဟာ စိတ်ကစဥ့်ကလျားရောဂါစွဲကပ်ပြီး မဟုတ်မမှန်စကားနဲ့ ကိုယ့်ကိုအထင်ကြီးအောင်ပုံကြီးချဲ့ ရှေ့ဘောင်ခတ်လို့ ကြော်ငြာကပ်ပြနေတာလားခင်ဗျာ။ အဲသလိုဆိုရင်တော့ အမေရိကန်က စိတ်ရောဂါကုဆေးရုံမှာ အမြန်တကာ့အမြန်ဆုံး တက်ရောက်ပြီး ဆေးကုသခံယူဖို့ လိုအပ်နေတဲ့အကြောင်း ပေါက်စ စေတနာကောင်းနဲ့ အကြံပြုစကား အခမဲ့ပါးလိုက်ပါရစေခင်ဗျာ။

အဲ...အဲ ကျန်သေးသဗျ။ မမှန်ရေးချ မမှန်တဲ့ ပလီဉာဏ်နှောပြီး ပြောတဲ့စကားက မြန်မာပြည်သူတွေဟာ သန့်ရှင်းတဲ့ရေတောင် မသောက်ရလို့ သေဖို့ဒဏ်ဆက်ပြီးခံနေရတယ် ဆိုပါလားဗျာ။ ကြားကြားသမျှ မြန်မာပြည်သူ ခုနစ်ရက်သားသမီးအပေါင်းကတော့ ရယ်ရလွန်းလို့ ဖတ်ဖတ်မော ရင်ဘတ်နောက်ကကျောဆိုပြီး တသောသောနဲ့ ရယ်လို့မဆုံး တအုန်းအုန်း ပဲဆိုတာ အဲဒီနောက်ဆုံးပေါ် NLD ပြည်ပြေးဝရမ်းပြေး အမျိုးသမီး အကောင်းစားကြီးမသိသေးလို့ပါဗျာ။ သိများသိရင် ရောဂါပိုကျွမ်းသွားမှာ ပေါက်စ ကြားကနေ အခမဲ့စိုးရိမ်နေမိသဗျ။

မြန်မာပြည်သူ ခုနစ်ရက်သားသမီးများအားလုံး သိတော်မူကြတဲ့အတိုင်း ပေါက်စတို့နိုင်ငံမှာ ရေတွေဘယ့်ကလောက် သန့်သန့်ရှင်းရှင်း သောက်ရသလဲဆိုတာ ညစဉ်ညစဉ် မြန်မာ့ရုပ်သံတို့၊ မြဝတီရုပ်သံတို့မှာ သောက်ရေသန့်ကြော်ငြာတွေ တစ်ထောကြီးကြော်ငြာလိုက်တာများ ဒွေးတို့၊ ရာဇာနေဝင်းတို့နဲ့ အိန္ဒြာကျော်ဇင်တို့ အပါအဝင် မော်ဒယ်ဂဲလ်လေးတွေဟာ ရေသန့်ဘူးတွေကိုယ်စီ ကိုင်ကိုင်ပြီး သောက်ပြလိုက်၊ ကိုယ်ပေါ်လောင်းပြလိုက်နဲ့ မဟုတ်လားဗျာ။ တစ်ခါတစ်ခါများဆိုရင် ကိုရီးယားဇာတ်လမ်းတို့၊ တရုတ်ဇာတ်လမ်းတို့ကို ကြည့်လို့ကောင်းတုန်း အဲဒီသောက်ရေသန့်ကြော်ငြာတွေ ဝင်ဝင်လာလို့ သူတို့ခမျာ ရုပ်သံပရိသတ်တွေရဲ့ မေတ္တာပို့သံကို အချောင်ခံခံနေရတဲ့ အထိပါဗျာ။

အဲသဟာအပြင် နိုင်ငံနဲ့အဝန်းရှိနေတဲ့ အဝီစိတွင်းရေတွေကော၊ မြစ်ရေ၊ ချောင်းရေ၊ ကန်ရေတွေကို စစ်ပြီး သွယ်တန်းပို့လွှတ်တဲ့ ပိုက်ရေတွေကော အခုဆိုရင် မိုးပါးရေရှားတဲ့ အညာကျေးလက်ဒေသတွေမှာ ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းနဲ့ အဝီစိတွင်းတွေ၊ စက်ရေတွင်းတွေကို နိုင်ငံတော်နဲ့ စေတနာရှင်ပြည်သူတွေပူးပေါင်းပြီး တူးဖော်ပေးနေသဗျ၊ မြန်မာပြည်သူတွေအနေနဲ့ သောက်ရေသန့်သောက်သုံးရေးအတွက် ဘာကမျှအခက်အခဲမရှိပါဘူးခင်ဗျာ။ အဲ–ပေါက်စရဲ့သွားလေသူ ကြီးတော်စကားနဲ့ပြောရရင် မြန်မာနိုင်ငံမှာ သန့်ရှင်းလတ်ဆတ်တဲ့ သောက်ရေတွေဘယ်လောက်ရှိသလဲဆိုတာ မပြောနဲ့ဦး၊ ရုပ်သံတွေမှာ ကြော်ငြာနေတဲ့ အိုအေစစ်တို့၊ပုပ္ပားတို့၊ အယ်လ်ပိုင်းတို့ စတဲ့သောက်ရေသန့်ဘူးတွေနဲ့ နောက်ဆုံးပေါ် NLD ပြည်ပြေးဝရမ်းပြေးအမျိုးသမီး လွှတ်တော်အမတ်ဆိုသူကြီးကို ဖို့သတ်လို့တောင်မကုန်နိုင်သေးဘူးဗျာ။

သို့ကလိုမျိုးမဟုတ်တယုတ်တွေကို ပတ်တုတ်လို့မရအောင် အဟုတ်လုပ်ပြီး ပြောတာဟာ ဟစ်စ်တီးရီးယားရောဂါဖြစ်တာတဲ့ခင်ဗျာ။ အဲဒီစကားကို ဘယ်သူ ပြောကြားခဲ့သလဲဆိုရင် ပဲခူးရိုးမပေါ်က ဗကပဌာနချုပ်မှာ ဘဝဟစ်တိုင်အခမ်းအနားလုပ်ပြီး တပ်နီမယ်လေးများက ဗကပခေါင်းဆောင်တွေဖြစ်တဲ့ ဂိုရှယ်ခေါ် ရဲဘော်ဘတင်တို့၊ ရဲဘော်ဌေးတို့ကို စိတ်ကူးရှိသလောက် စွဲချက်တင်ပုတ်ခတ်နေတော့ အဲဒီတပ်နီမယ်လေးများဟာ ဟစ်စ်တီးရီးယားရောဂါဖြစ်နေတာလို့ ဂိုရှယ်ခေါ်ရဲဘော်ဘတင်က တော်လှန်သော တပ်နီမယ်လေးများရဲ့ တော်လှန်သော ဝါးရင်းတုတ်လက်ချက်နဲ့အသက်မထွက်မီ မှတ်ချက်ချသွားတဲ့အကြောင်း သခင်သန်းထွန်း၏ နောက်ဆုံးနေ့များဆိုတဲ့ ဘုတ်အုပ်အထူကြီးမှာ ပေါက်စဖတ်မှတ်ဖူးခဲ့သဗျ။

ခက်တော့လည်းအခက်သားလားဗျ၊ ပြောနေတာက ဒီမိုကရေစီမှတစ်ပါးအခြားမရှိဆိုသလိုမျိုး၊ လုပ်နေတာက ကိုယ်ကျိုးစီးပွားမှတစ်ပါးအခြားမရှိဆိုသလို ဖြစ်ဖြစ်နေတော့ ပေါက်စစိတ်ပိန်တယ်ဗျာ၊ နိုင်ငံနဲ့လူမျိုးအတွက် လုပ်ကြကိုင်ကြတဲ့ စေတနာမှန်ထားကြတယ်ဆိုရင်လည်း အရှိကိုအရှိအတိုင်း အဖြစ်ကိုအဖြစ်အတိုင်း အရိုးခံသဘောနဲ့ ပြောကြဆိုကြပေါ့ဗျာ အခုလိုတွေ အမှန်တရား၊အရှိတရားတွေကို ကျောခိုင်းထားပြီး ပါးစပ်ထဲရှိသမျှ စိတ်ကူးရှိသလောက်ပြောချင်ရာ ပြောနေတိုင်း ယုံမှတ်ပြီး ပုံအပ်ချီးမြှင့်နေသူများကလည်း အသိတရားနဲ့ နားထောင်ပြီးမှ လုပ်သင့်တာလုပ်ကြဖို့ ကောင်းတယ်ဗျာ။

အခုဟာ ခါးတောင်းတော့ကျိုက်ပါရဲ့ ဟတ္ထတခြား ခေါင်းတခြားဖြစ်နေတာဟာ လူရယ်စရာပေါ့ဗျာ။ ဒီနေ့ကာလမှာ ပြည်ပမှာ ပြည်ပြေးဝရမ်းပြေး လုပ်စားနေတဲ့သူတွေနဲ့ ဒုက္ခသည် လုပ်စားနေသူတွေဟာ ဒီမိုကရေစီအကြောင်း ပြပြီး ကိုယ်ကောင်းစားဖို့ အချောင်စားရဖို့အတွက် နိုင်ငံရေးလုပ်စားနေတဲ့ ဖိုးတွမ်တီးက အများစုပါဗျာ။

ရှင်းရှင်းလေးပါဗျာ။ ပြည်ပမှာ ဒီမိုကရေစီသူရဲကောင်းကြီးတွေလိုလို၊ ဒီမိုကရေစီဒုက္ခသည်လိုလို အချိုးမျိုးတွေဟာ ကိုယ်နဲ့ကိုယ့်အုပ်စု ကိုယ့်ပါတီကိုတော့ ဟိမဝန္တာချီးမွမ်းခန်းတွေဖွင့်ကြ၊ ပြည်တွင်းမှာ ဒီမိုကရေစီအတွက် အသက်လုပ်ကြံခံရမယ့်အထိ စွန့်လွှတ်စွန့်စားခဲ့ရသလို အကျဉ်းထောင်ထဲမှာ ဘယ်လောက်ကြာနေခဲ့ရပြီး ဘယ်လိုတွေနှိပ်စက်ခံရသလို အဲသလိုတွေပြောကြ၊ ဆိုကြပုံကြီးချဲ့ကြတယ်ဗျာ၊ နိုင်ငံနဲ့လူမျိုးကိုတော့ မှိုချိုးမျှစ်ချိုးနဲ့သိက္ခာချ ပုတ်ခတ်ကြတယ်ဗျာ၊ ပေါက်စတို့မြန်မာနိုင်ငံဟာ ကမ္ဘာမှာအဆင်းရဲဆုံး၊အနိမ့်ကျဆုံး၊ အပျက်စီးဆုံး၊ မလုံခြုံဆုံး၊ မတည်ငြိမ်ဆုံး၊ ရာဇဝတ်မှုအများဆုံး၊ ရောဂါအထူဆုံး၊ မူးယစ်ဆေးဝါးအထုတ်လုပ်ဆုံးစတဲ့ မကောင်းတာမှန်သမျှ မြန်မာနိုင်ငံနဲ့ မြန်မာလူမျိုးတွေခံကြ၊ တို့ကတော့တို့ကတော့ ပြည်ပမှာစံကြပေါ့ဗျာ။

အဲသလောက် ဖောက်ပြန်တဲ့သူတွေဟာ သိက္ခာရှိတဲ့နိုင်ငံရေးသမား မဟုတ်ဘူးခင်ဗျာ။ ပေါက်စက နိုင်ငံရေးသမားကို ဆန့်ကျင်တာမဟုတ်ဘူးဗျာ။ နိုင်ငံရေးသမားဆိုတာ ကိုယ်ယုံကြည်ရာကို ရိုးရိုးသားသားလုပ်ကြပေါ့ဗျာ။ အခုဖြစ်နေတာက ပြည်ပရောက်သွားတာနဲ့ ဒုက္ခသည်လျှောက်ဖို့အတွက် မြန်မာနိုင်ငံမှာရှိတဲ့ သူတို့ရဲ့ ဇနီး၊ မယား၊ သားသမီးနဲ့ မိဘဆွေမျိုးတွေကို သူတို့ဟာ ဒီမိုကရေစီတိုက်ပွဲဝင်ခဲ့တဲ့အတွက် တရားရုံးက ပြစ်ဒဏ်ချတာခံခဲ့ရတယ်ဆိုတဲ့အကြောင်း၊ တရားရုံးရဲ့ အမိန့်စာအတုတွေ၊ တရားရုံး တံဆိပ် အတုလုပ်ပေးကြဖို့ မှာကြားကြသဗျ။ လုပ်ပေးပြီးပို့တဲ့လူကလည်းပို့ပေးကြသဗျ။

ဘယ့်နှယ်ဗျာ။ မြန်မာနိုင်ငံမှာ လက်ကြောတင်းအောင် လုပ်မစားချင်သူတွေက ပြည်ပမှာ ဒီမိုကရေစီဒုက္ခသည် လုပ်စားဖို့အတွက် ဘာပြစ်ဒဏ်မှလည်း မခံရ၊ တစ်ခါဖူးမျှလည်း အရေးယူမခံရဘဲနဲ့ အခုလို ကလိမ်ကကျစ်ဖိုးတွမ်တီးနည်းစနစ်တွေကို အပီကျင့်သုံးနေကြတာဟာ ဒီမိုကရေစီဖြစ်ထွန်းရေးလား၊ သူတို့ရဲ့ကိုယ်ကျိုးစီးပွားဖြစ်ထွန်းရေးလားဆိုတာ မူလတန်းကျောင်းသားလေးကတောင် ခွဲခွဲခြားခြား နားလည်ကြပါတယ်ဗျာ။

သို့သော်လည်းတဲ့ဗျာ။ အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံအချို့ဟာ အဲသလိုမျိုးအတုလား၊ အစစ်လား ဆိုတာ မခွဲခြားတတ်တာလား။ ဒါမှမဟုတ် ဒီမိုကရေစီအသံမြည်ရင် ပြီးရောဆိုတဲ့ သဘောထားနဲ့ အတုလား၊ အစစ်လား ဆိုတာမခွဲခြားချင်တာလားခင်ဗျာ။ အဲ...ကွဲကွဲပြားပြားခွဲခြားပြီးသိချင်ရင်တော့ အဲဒီနိုင်ငံတွေမှာရှိတဲ့ ပေါက်စတို့မြန်မာနိုင်ငံရဲ့ သံရုံးတွေမှာမေးလိုက်ရင် မြန်မာနိုင်ငံတရားရုံးက အမိန့်စာဟုတ်၊ မဟုတ်နဲ့ တရားရုံးတံဆိပ်မှန်၊ မမှန် ဧကန်ဧကေသိရမှာပဲခင်ဗျာ။

အဲသလိုမဟုတ်ဘဲ အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံအချို့က အခုလို ဒီမိုကရေစီဖိုးတွမ်တီးများက လိမ်စားတာကိုပဲ ခံစားနားလည် ခွင့်လွှတ်စွာနဲ့ ဒီမိုကရေစီဝေဿန္တရာထုံးနှလုံးမူပြီး ရှိတာတွေ အကုန်ယူ၊ အကုန်ယူဆိုသလိုမျိုး ဒီမိုကရေစီအလှူတော်မဏ္ဍာပ်ထိုးလို့ ဒီမိုကရေစီမိုးကြီးရွာပါဆိုရင်တော့ ပေါက်စ သနားတယ်ဗျာ။

ထားလိုက်တော့ဗျာ။ အမေရိကန်ကွန်ဂရက်လွှတ်တော်မှာ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ကြားနာမှုလုပ်တဲ့ပွဲကို NLD ပြည်ပြေးဝရမ်းပြေး လွှတ်တော်အမတ်ဆိုသူ အမျိုးသမီးကြီးက အမြီးအမောက် မတည့်တဲ့ စကားတွေနဲ့ ရမ်းရမ်းကားကား လုပ်ကြံပုတ်ခတ်ပြီး မြန်မာနိုင်ငံနဲ့ မြန်မာလူမျိုးကိုကော၊ မြန်မာနိုင်ငံအစိုးရကိုကော သိက္ခာချနေသလိုပဲ ပြည်တွင်းမှာရှိနေတဲ့ အချို့ချို့သော ပုဂ္ဂိုလ်ကြီးများကလည်း ကြေညာချက်တွေ၊ ဝေဖန်ချက်တွေ၊ သုံးသပ်ချက်တွေ၊ ထင်ရာမြင်ရာတွေ ဟောပြောရေးသား ဗျူးစကားတွေနဲ့ ကြားဖြတ်အာဏာရရေးအတွက် ခြေဖျားထောက်ပြ၊ ရင်ကော့ပြနဲ့ နိုင်ငံရေးသူငယ်ပြန်ရောဂါ ထနေတာ ကြားရတော့ ပေါက်စရယ်ရတယ်ဗျာ။

အဲ...စကားလမ်းကြုံလို့ နိုင်ငံရေးသူငယ်ပြန်ဆိုတဲ့ ဝေါဟာရစကားကို ပေါက်စ ဘယ်ကကြားနာမှတ်သားခဲ့ရသလဲဆိုတာ အတိုကျဉ်းပြီးရှင်းပါရစေခင်ဗျာ။ ဒီလိုပါခင်ဗျာ။ ကြေးမုံဦးသောင်းခေါ် အောင်ဗလက မြန်မာပြည်လွတ်မြောက်ရေးညွန့်ပေါင်းအဖွဲ့အနေနဲ့ မြန်မာနိုင်ငံရဲ့ လမ်းပြမြေပုံကို ထောက်ခံရမလားဆိုပြီး မြန်မာပြည်လွတ်မြောက်ရေးညွန့်ပေါင်းအဖွဲ့နဲ့ ဒေါက်တာဇာနည်အပါအဝင် အဖွဲ့ခေါင်းဆောင်တွေကို ဝေဖန်တိုက်ခိုက်တဲ့အတွက် ထိုင်းနိုင်ငံ WEBSTER UNIVERSITY မှာ နိုင်ငံတကာဆက်ဆံရေး ပညာသင်ယူနေတဲ့ နောက်ဆုံးနှစ်ကျောင်းသားကျော်လင်းဦးက တုံ့ပြန်ဝေဖန်လိုက်တဲ့ နိုင်ငံရေးသူငယ်ပြန်သူတွေဘေးဖယ် ခေါင်းစဉ်ပါ ဆောင်းပါးကို ပေါက်စအင်တာနက်သတင်းမှာဖတ်လိုက်မိတယ်ဗျာ။

အဲဒီဆောင်းပါးမှာ ကျော်လင်းဦးက ကြေးမုံဦးသောင်းခေါ် အောင်ဗလကို ဘယ်လိုတုံ့ပြန်ဝေဖန်ထားသလဲဆိုရင် **ညွန့်ပေါင်းအဖွဲ့ကြီးက ဗိုလ်ချုပ်ကြီးခင်ညွန့်ရဲ့ လမ်းပြမြေပုံကို ထောက်ခံတယ်ဆိုရာမှာလည်း သေချာတဲ့အကြောင်းပြချက်နဲ့ တိကျတဲ့အခြေအနေကို ဖော်ပြပြီးတော့မှ ထောက်ခံထားတာဖြစ်ပြီး အဲဒီထောက်ခံချက်ကို ပြည်ပရောက်မြန်မာပညာရှင် သုံးဆယ်ကျော်တို့က တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြတာဖြစ်ပါတယ်။ ဒါကြောင့် ဦးသောင်းအနေနဲ့ ကလောင်တစ်ချောင်းကိုင်ပြီး ထင်တိုင်းရမ်းနေမယ့်အစား မြန်မာ့နိုင်ငံရေးအခြေအနေကို လက်တွေ့ကျကျ သုံးသပ်ဆင်ခြင်ဖို့ လိုအပ်ပါလိမ့်မယ်**လို့ ဝေဖန်ထားသလို ဆက်ပြီးဝေဖန်ထားတာက **ဒီကနေ့မြန်မာပြည်သူလူထုဟာ ဦးသောင်းတို့လို သမီးကော၊သားကော၊မယားပါသားကိုပါ အမေရိကန်နိုင်ငံကိုခေါ်ထားနိုင်တဲ့ အခွင့်အရေးမျိုးမရှိပါဘူး**တဲ့၊ အဲ–ဆောင်းပါးနိဂုံးမှာ ဘယ်လိုဝေဖန်ထားသလဲဆိုရင် **ဒါကြောင့် ဦးသောင်းအနေနဲ့ နိုင်ငံရေးသူငယ်ပြန်နေတဲ့ အယူအဆတွေကို ရပ်တန်းကရပ်ပြီး မြန်မာပြည်သူလူထုအကျိုးအတွက် လက်တွေ့ကျတဲ့ မြန်မာ့နိုင်ငံရေးအပြောင်းအလဲတစ်ရပ် ဖြစ်ပေါ်စေရေးကို ကြိုးပမ်းအားထုတ်ပေးဖို့ လိုပါတယ်**တဲ့ခင်ဗျာ။

ကဲ–အဲသလောက်ဆိုရင်မြန်မာပြည်သူခုနစ်ရက်သားသမီးများအားလုံးက ခံစားနားလည်နိုင်ကြမှာဖြစ်တော့ ပေါက်စစကားဖြတ်ပြီး အနားသတ်ရရင် ပေါက်စတို့ကတော့ မြန်မာပြည်မှာမွေးပြီး မြန်မာပြည်မှာပဲခေါင်းချကြမှာဖြစ်တော့ မြန်မာပြည်ကြီးတိုးတက်ကြီးပွားရင် ပေါက်စတို့လည်းခံစားရမှာပေါ့ဗျာ။ ပြည်ပြေးတွေကတော့ ပြည်ပမှာစည်းစိမ်ခံစားနေရတော့ မြန်မာပြည် ဘာဖြစ်ဖြစ် သူတို့ဂရုမစိုက်ဘူးပေါ့။ မြန်မာနိုင်ငံရဲ့ပြောင်းလဲတိုးတက်ဖြစ်ပေါ်နေတဲ့ ပကတိအခြေအနေကို မျက်ကွယ်ပြုလျစ်လျူရှုပြီး ကိုယ်နဲ့ကိုယ့်ပါတီ၊ ကိုယ့်အုပ်စုအကျိုးစီးပွားအတွက် အရှက်မဲ့စွာ လုပ်ကြံပုတ်ခတ်နေကြကုန်သော ပြည်ပြေးဝရမ်းပြေးလွှတ်တော်အမတ်ဆိုသူ အမျိုးသမီးကြီးနဲ့ ပြည်ပမှာဇနီးမယား၊ သမီးသားများနဲ့ ကြီးပွားချမ်းသာနေတဲ့ ကြေးမုံမောင်သောင်း(ခေါ်)အောင်ဗလတို့လို ပြည်ပြေးများဟာ စိတ်ကစဥ့်ကလျားရောဂါနဲ့ ဟစ်တီးရီးယားရောဂါပါစွဲကပ်နေတဲ့အပြင် အသက်ကြီးမှ နိုင်ငံရေးသူငယ်ပြန်ရောဂါထနေကြတယ်ဆိုတော့ **လိပ်ဖြစ်ရင်တောင်ခေါင်းမပြူဝံ့ပါဗျာ** ဟူ၍ ပေါက်စ မောင်းတဒူဒူခတ်ပြီး အရပ်သိအောင် အခမဲ့မေတ္တာနဲ့ ကြေညာအပ်ပါတယ်ခင်ဗျား။ ။

နိုင်ငံတကာ သတင်းများ

ခုခံတိုက်ခိုက်ရေးသမားများ

ဧပြီ ၅ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် အနောက်ဘက်တွင် ခုခံတိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဝါရှင်တန်သို့ သွားရောက်၍ အမတ်များနှင့် ဆွေးနွေးမည့် အစီအစဉ် လုံခြုံရေးအခြေအနေကြောင့် အီရတ်ဆိုင်ရာ အမေရိကန်အုပ်ချုပ်ရေးမှူး ဘရီမာ ဖျက်သိမ်း

ဝါရှင်တန် ဧပြီ ၆

အီရတ်နိုင်ငံရှိ အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာသည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ရှိ အမတ်များနှင့် အသေးစိတ် ဆွေးနွေးညှိနှိုင်းရန် သွားရောက်မည့် အမေရိကန်ခရီးစဉ်ကို ဖျက်သိမ်းလိုက်ပြီး အီရတ်နိုင်ငံ သိမ်းပိုက်ရေးတပ်ဖွဲ့ဝင်များက ခုခံတိုက်ခိုက်မှုများကို နှိမ်နင်းနေစဉ် အီရတ်နိုင်ငံတွင် ဆက်လက်နေထိုင်မည်ဖြစ်ကြောင်း အမေရိကန်အမတ်များက တနင်္လာနေ့တွင် ပြောကြားသည်။

ပေါလ်ဘရီမာသည် အထက်လွှတ်တော် အမတ်များနှင့် အသေးစိတ် ညှိနှိုင်းရန် စီစဉ်ထားသည်။ အထက်လွှတ်တော် အမတ်အချို့က အီရတ်ပြည်သူလူထုအား အချုပ်အခြာအာဏာ လွှဲပြောင်းပေးရန် အမေရိကန်ပြည်ထောင်စု၏ အချိန်ဇယားနှင့် ပတ်သက်၍ ဘရီမာအား မေးမြန်းကြမည်ဖြစ်သည်။ အီရတ်တွင် ဖြစ်ထွန်းနေသည့် ဆိုးရွားသော လုံခြုံမှုအခြေအနေအရ ပေါလ်ဘရီမာ မလာနိုင်ဟု မိမိ ထင်မြင် မိကြောင်း၊ ၎င်းအနေဖြင့် အီရတ်နိုင်ငံ တွင် ဆက်လက်နေထိုင်သင့်သည်ဟု မိမိ ထင်မြင်မိကြောင်း တင်နက်ဆီပြည်နယ်မှ ရီပတ်ဘလီကန်ပါတီမှ အထက်လွှတ်တော် အမတ်ဖြစ်သူ ဘီလ်ဖရစ်စ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကန်နှင့် ဖော်လူဂျာ ခုခံတိုက်ခိုက်ရေးသမားများအကြား ပစ်ခတ်မှုဖြစ်ပွား ခြောက်ဦးသေပြီး အများအပြား ဒဏ်ရာရ

ဘဂ္ဂဒက် ဧပြီ ၆

ဘဂ္ဂဒက်မြို့၏ မြောက်ဘက်ရှိ မတည်မငြိမ်ဖြစ်နေသော ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့များနှင့် ဒေသခံအီရတ်ခုခံတိုက်ခိုက်ရေးသမားများအကြား တနင်္လာနေ့က ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူခြောက်ဦး သေဆုံးသွားပြီး အများအပြား ဒဏ်ရာရရှိသွားသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

အမေရိကန် တပ်ဖွဲ့များသည် ဖော်လူဂျာမြို့သို့သွားရာ လမ်းများကို ပိတ်ဆို့ထားလိုက်ကြပြီး နောက်ပိုင်း အရုဏ်တက်ချိန်တွင် နှစ်ဖက် တိုက်ပွဲဖြစ်ပွား ခဲ့သည်။ ထိုတိုက်ပွဲမှာ အချိန်နှစ်နာရီ ကျော် ကြာမြင့်ကြောင်း သိရသည်။

တိုက်ခိုက်

အမေရိကန်တပ်ဖွဲ့များသည် အနီးဝန်းကျင်ရှိ လူနေအိမ်များပေါ်သို့ ဒုံးများ၊ ကလပ်စတာဗုံးများဖြင့် တိုက်ခိုက်ခဲ့ကြသည်။

တနင်္လာနေ့က ထုတ်ပြန်ချက်တစ်ခု ပြုလုပ်ခဲ့ရာတွင် ဘဂ္ဂဒက်နှင့် ဂျော်ဒန် ဆက်သွယ်ထားသော အဝေးပြေးလမ်းမ တည်ရှိရာဒေသ၌ စစ်ရေးလှုပ်ရှားမှုများ ရှိနေသောကြောင့် အဆိုပါ အဝေးပြေးလမ်းမကို ပိတ်ပင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်မှု မပြုလုပ်ရန် အမေရိကန်ကို တိုက်တွန်း မလက္ကာရေလက်ကြားတွင် ကန်တပ်ဖွဲ့ မဖြန့်ကြက်ရန် မလေးရှား ပြောဆို

ကွာလာလမ်ပူ ဧပြီ ၆

အမေရိကန်ပြည်ထောင်စုသည် နိုင်ငံတကာခြိမ်းခြောက်မှုအား တိုက်ဖျက်သည့်အသွင်ဖြင့် အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် မကြိုးပမ်းသင့်ကြောင်းဖြင့် မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဟာမစ်အယ်လ်ဘာက တနင်္လာနေ့တွင် ပြောကြားသည်။

မလက္ကာရေလက်ကြားတွင် အမေရိကန်ပြည်ထောင်စုမှ ရေတပ်ဖြန့်ကြက်ချထားခြင်းဖြင့် မိမိတို့၏ အရေးကိစ္စများတွင် အမှန်တကယ် ဝင်ရောက်စွက်ဖက်လိုက်ခြင်းဖြစ်ကြောင်း ဟာမစ်အယ်လ်ဘာက ပူထရာဂျာယာရုံးတွင် သတင်းထောက်များအား ပြောကြားသည်။

တုံ့ပြန်ပြောကြား

မလေးရှားနိုင်ငံခြားရေးဝန်ကြီး အယ်လ်ဘာက အမေရိကန်ပစိဖိတ်ဒေသစစ်ဌာနချုပ်၏ စစ်သေနာပတိ သောမတ်စ်ဖာရို၏ ပြောကြားချက်အား ဖော်ပြပါအတိုင်း တုံ့ပြန်ပြောကြားလိုက်ခြင်းဖြစ်သည်။ ကမ္ဘာ့ရေကြောင်းသွားလာရေးလုပ်ငန်းတွင် ကူးသန်းသွားလာမှု အများဆုံး ရေကြောင်းလမ်း၌ ပါဝင်သည့် မလက္ကာရေလက်ကြားတွင် ပင်လယ်ဓားပြတိုက်မှုများအား ဖော်ထုတ်ရာတွင် ကူညီပံ့ပိုးသည့်အနေဖြင့် အမေရိကန်က ကင်းလှည့်ရန် စီစဉ်နေကြောင်း သောမတ်စ်ဖာရိုက်က ပြောကြားသည်။ ယင်းကဲ့သို့သော အစီအစဉ်များ ချမှတ်ရန်မလိုဟု မိမိမျှော်လင့်ပါကြောင်း၊ မလေးရှားနိုင်ငံက ကိုင်စွဲထားသည့် သဘောထားရပ်တည်ချက်နှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုက ဆတ်ဆတ်ထိမခံနိုင် ဖြစ်နေသည်ဟု မိမိ ထင်မြင်မိကြောင်း အယ်လ်ဘာက ပြောကြားသည်။

ရည်ရွယ်ချက်မရှိ

မလက္ကာရေလက်ကြား၏ လုံခြုံရေးတာဝန်အား မလေးရှားနှင့် အင်ဒိုနီးရှား နှစ်နိုင်ငံတို့က တာဝန်ယူထားကြစဉ် ယင်းရေလက်ကြားစောင့်ရှောက်ရေးအတွက် အမေရိကန်ပြည်ထောင်စု၏ အကူအညီရယူရန် ရည်ရွယ်ချက်မရှိကြောင်း ကာကွယ်ရေးဝန်ကြီး နာဂျစ်က တနင်္ဂနွေနေ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

စပိန်တပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများ တိုက်ခိုက် စပိန်တပ်ဖွဲ့ဝင်များကို စိန်ပြောင်းဖြင့် ပစ်ခတ်

မဒရစ် ဧပြီ ၆

ရှီးယားအများစုနေထိုင်သည့် နာဂျက်ဖ်မြို့အနီးတွင် စပိန်တပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများ တိုက်ခိုက်မှုများ ဖြစ်ပွားစဉ် အီရတ်ရှိ စပိန်တပ်ဖွဲ့ဝင်များ တနင်္လာနေ့က စိန်ပြောင်းများဖြင့် ပစ်ခတ်ခံရကြောင်းဖြင့် စပိန်ကာကွယ်ရေးဌာနက ပြောကြားသည်။

နာဂျက်ဖ်မြို့နှင့် ဒီဝမ်နီယာ စသည့် စပိန်တပ်ဖွဲ့ဝင်များ သိမ်းပိုက်ထားသည့် အခြေစိုက်စခန်းများအား စိန်ပြောင်း၊ လောင်ချာများဖြင့် ကြိုးကြားကြိုးကြား တိုက်ခိုက်ခဲ့ကြောင်း၊ ယင်းပစ်ခတ်မှုကြောင့် လူနှင့် ဥစ္စာပစ္စည်း ထိခိုက်ပျက်စီးမှု မရှိကြောင်း ကာကွယ်ရေးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် စပိန်တပ်ဖွဲ့ဝင်များသည် ဆန္ဒပြသူများနှင့် တနင်္ဂနွေနေ့က တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘာ့ရေးရာ ပြဿနာရပ်များနှင့် ပတ်သက်၍ ကုလသမဂ္ဂ၏ ဦးဆောင်မှုအခန်းကို ရုရှားထောက်ခံ

မော်စကို ဧပြီ ၆

ရုရှားနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့၏ ကမ္ဘာ့ရေးရာကိစ္စရပ်များ၌ ဦးဆောင်သော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေခြင်းကို ဆက်လက်ထောက်ခံကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က တနင်္လာနေ့တွင် ထပ်လောင်းအတည်ပြု ပြောကြားသည်။

ကြားသိနေရ

ကုလသမဂ္ဂအဖွဲ့သည် ၎င်းရင်ဆိုင်နေရသော ခက်ခဲနေသည့် ပြဿနာရပ်များကို ထိရောက်ကောင်းမွန်စွာ ဖြေရှင်းနိုင်ခြင်းမရှိဟု မိမိတို့ ကြားသိနေရကြောင်း၊ သို့ရာတွင် ကုလသမဂ္ဂအဖွဲ့ကြီး မရှိပါက ကမ္ဘာကြီး မည်သို့ပြောင်းလဲသွားမည်ကို မိမိမြင်လိုတွေ့လိုကြောင်း ရုရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့် ကရင်မလင် နန်းတော်၌ တွေ့ဆုံရာတွင် ဗလာဒီမာပူတင်က ပြောကြားသည်။

နည်းလမ်းမရှိ

ထို့အပြင် ယနေ့ကာလ၌ ကုလသမဂ္ဂအပြင် အခြားသော နိုင်ငံတကာ ပြဿနာရပ်များကို ထိရောက်စွာ ဖြေရှင်းပေးနိုင်သော နည်းလမ်းမရှိကြောင်းကိုလည်း ရုပ်မြင်သံကြားအစီအစဉ်မှ ထုတ်လွှင့်သည့် ကြေညာချက်တွင် မစ္စတာပူတင်က ပြောကြားသည်။

ကိုဖီအာနန်က အဆိုပြုထားသော ကုလသမဂ္ဂ ပြုပြင်ဖွဲ့စည်းရေးနှင့် ပတ်သက်၍ ဆွေးနွေးအကြံပြုရန် ကျွမ်းကျင်သူများအဖွဲ့တစ်ရပ်ဖွဲ့စည်းရေးကိစ္စကို ရုရှားနိုင်ငံက ထောက်ခံကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဧပြီ ၅ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် မီးလောင်ကျွမ်းလျက်ရှိသော အမေရိကန်ကြည်းတပ် ထရပ်ကားအနီး ခုခံတိုက်ခိုက်ရေးသမားများ အောင်ပွဲခံနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန် ဆန့်ကျင်ရေးအုပ်စုများ၏ ခုခံမှုပြင်းထန်လာ ရုံးဌာနများ စီးနင်းခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံး

ဘဂ္ဂဒက် ဧပြီ ၆

အမေရိကန် ဦးဆောင်သောတပ်များကို ခုခံရေး စစ်ပွဲဆင်နွှဲနေသည့် မော့ဒေးတားဆာဒါး ထောက်ခံသော အုပ်စုများနှင့် အမေရိကန်တပ်များ တိုက်ခိုက်မှုများကြောင့် ဘဂ္ဂဒက်မြို့တွင် အမေရိကန်စစ်သားခုနစ်ဦး သေဆုံးသွားခဲ့သည်။

ခုခံမှုများလာ

တိုက်ပွဲများဖြစ်ပွားရာနေရာမှာ ဆာဒါးစီးတီးဧရိယာ အနီးတစ်ဝိုက်ရှိ အဆောက်အအုံများတွင် ဖြစ်သည်။ နာဂျက်ဖ်မြို့တွင်လည်း အဆိုပါခုခံရေးအုပ်စုများ ပါဝင်ခဲ့သည့်တိုက်ပွဲများကြောင့် အီရတ် ၂၀နှင့် အပေါင်းပါတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးခဲ့သေးကြောင်းလည်းသိရသည်။

ဧပြီ ၄ ရက်နေ့က ဆာဒါးထောက်ခံသူ ဒါဇင်ပေါင်းများစွာသည် ဘာဆာရာမြို့အတွင်းရှိ အစိုးရရုံးဌာနများအား ဝင်ရောက် စီးနင်းသိမ်းပိုက်ခဲ့ကြသည်။ မကြာမီရက်များအတွင်းကဖြစ်ပေါ်ခဲ့သော အမေရိကန် ဆန့်ကျင်ရေးဆန္ဒပြပွဲအချို့အားလည်း ဆာဒါးထောက်ခံသူများက ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ဆန္ဒပြပွဲများသည် အီရတ်သတင်းစာအား အပေါင်းပါတပ်ဖွဲ့များက ချိပ်ပိတ်ခဲ့ပြီးနောက် ဖြစ်ပွားလာခြင်းဖြစ်သည်။ ဘာဆာရာမြို့၌ ရုံးဌာနများအား စီးနင်းခဲ့ရာတွင် ခုခံမှုများမဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

ဆက်လက်ချီတက်

ဘဂ္ဂဒက်မြို့တွင် ဖြစ်ပေါ်ခဲ့သော တိုက်ပွဲများမှာ ဆာဒါးထောက်ခံသူများက ဆာဒါးစီးတီးဧရိယာရှိ ရဲစခန်းများနှင့် အစိုးရဌာနများအား သိမ်းပိုက်ရာမှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်တပ်က ထုတ်ပြန်ချက်ပေးသည်။

ဘဂ္ဂဒက်မြို့ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီး နာရီအနည်းငယ်အကြာတွင် အထက်ပါအုပ်စုများက နာဂျက်ဖ်မြို့အနီးရှိ အပေါင်းပါတပ်စခန်းများသို့ ဆက်လက်ချီတက် ဆန္ဒပြခဲ့ရာမှ ရန်းရင်းဆန်ခတ်မှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။ နာဂျက်ဖ်မြို့တွင် စပိန်တပ်များ၊ ဆာဗေဒိုနှင့် အခြားစပိန်စကားပြော နိုင်ငံအချို့မှ စစ်တပ်များတပ်စွဲထားသည်။

မည်သည့်ဘက်မှ စတင်ပစ်ခတ်ခဲ့ကြောင်း သတင်းများ အတိအကျ မရရှိသေးသော်လည်း ဖြစ်ပေါ်ခဲ့သည့် အဓိကရုဏ်းအတွင်း အယ်လ်ဆာဗေးဒိုးတပ်ဖွဲ့ဝင်တစ်ဦး၊ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အီရတ်အမျိုးသား ၂၀ဦး သေဆုံးသွားခဲ့ပြီး အများအပြား ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့သည်။ ***အင်တာနက်။***

ဧပြီ ၄ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ ဘဂ္ဂဒက်ဟိုတယ်အနီးတွင် အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြရာ အမေရိကန်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသော အီရတ်တစ်ဦးကို တွဲခေါ်လာစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမ်မာရာမြို့တွင် အီရတ်နိုင်ငံသားများအား ဗြိတိသျှတပ်ဖွဲ့ဝင်များက ပစ်ခတ် အပြစ်မဲ့ အီရတ်ပြည်သူများ သေကြေဒဏ်ရာရ

လန်ဒန် ဧပြီ ၆

ရှီးယိုက်ခေါင်းဆောင်တစ်ဦး၏ ထိပ်တန်းလက်ထောက်တစ်ဦးအား ဖမ်းဆီးထားမှုနှင့် သတင်းစာတစ်စောင်ပိတ်ပင်ခံရမှုနှင့်ပတ်သက်၍ မကျေမနပ်ဆန္ဒပြစဉ်အတွင်းဆန္ဒပြသူများ အပစ်အခတ်ခံရပြီးနောက် ဗြိတိသျှတပ်ဖွဲ့ဝင်များက အမ်မာရာဒေသရှိ အီရတ်နိုင်ငံသားအချို့အား ပစ်ခတ်ခဲ့ရာ အီရတ်နိုင်ငံသား အများအပြားထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း ဗြိတိသျှကာကွယ်ရေးဌာနက ပြောကြားသည်။ အီရတ်နိုင်ငံသားအချို့ သေဆုံးသည်ဟု မိမိတို့ သိရှိထားကြောင်း လန်ဒန်ရှိ စစ်ဘက်မှပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

အများအားဖြင့် ငြိမ်းငြိမ်းချမ်းချမ်းဆန္ဒပြမှုဖြစ်ပွားစဉ်အတွင်း တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အီရတ်နိုင်ငံသားအချို့သေဆုံးမှုဖြစ်ပွားခဲ့သည်မှာ ဖြစ်နိုင်ဖွယ်ရာရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။ သို့ရာတွင် အီရတ်နိုင်ငံသားသေဆုံးသည့် ဦးရေကိုခန့်မှန်းပြောကြားခြင်း မရှိခဲ့ပေ။

ထပ်လောင်းပြောကြား

အီရတ်နိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ အမ်မာရာမြို့တွင် ရတ်ရတ်သဲသဲအချင်းများမှု ဖြစ်ခဲ့စဉ်အတွင်း ဗြိတိသျှတပ်ဖွဲ့ဝင်များ သေဆုံးမှုမရှိခဲ့ကြောင်း၊ ယင်းတပ်ဖွဲ့ဝင်များမှာ ဒုံးပစ်လောင်ချာနှင့် လက်နက်ငယ်များ၏ တိုက်ခိုက်မှုခံခဲ့ရပြီးနောက် ပြန်လည်ပစ်ခတ်ရာမှ စတင်၍ အပြန်အလှန်ပစ်ခတ်မှု စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

အီရတ်နိုင်ငံသားများက ဆန္ဒပြရခြင်းသည် ရှီးယိုက်ခေါင်းဆောင်၏ ထိပ်တန်းလက်ထောက်ဖြစ်သူ မုစတာဖာယာကွတ်ဘီအား ဖမ်းဆီးထားမှုနှင့် ဘဂ္ဂဒက်ရှိ အမေရိကန် ဆန့်ကျင်ရေးသတင်းစာတစ်စောင်အား လွန်ခဲ့သည့်ရက်သတ္တပတ်က အမေရိကန်အာဏာပိုင်များက ပိတ်ပင်ခဲ့မှုကြောင့်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဧပြီ ၅ရက်က အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နာဂျက်ဖ်မြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးနှင့် ဆာဗေဒို တပ်ဖွဲ့ဝင်တစ်ဦးတို့ သေဆုံး

မဒရစ် ဧပြီ ၆

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့အနီးတွင် တနင်္ဂနွေနေ့က အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် အီရတ်တို့အကြား ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးနှင့် ဆာဗေဒိုတပ်ဖွဲ့ဝင်တစ်ဦးတို့ သေဆုံးခဲ့ကြောင်း စပိန်ကာကွယ်ရေးဌာနက ပြောကြားသည်။

နာဂျက်ဖ်ရှိ အယ်လ်အင်ဒါလတ်စ် အခြေစိုက်စခန်း တနင်္ဂနွေနေ့နံနက်ပိုင်းက အတိုက်ခံရကာ ဆာဗေဒိုတပ်ဖွဲ့ဝင်လေးဦးသေဆုံးခဲ့သည်ဟု စောစောပိုင်းက ထုတ်ပြန်ခဲ့သည်။ ယင်းသတင်းကြေညာချက်တွင် ရှုပ်ထွေးစရာအချက်အလက်များပါဝင်နေကြောင်း စပိန်ကာကွယ်ရေးဌာနက ပြောကြားသည်။

အမှန်သေဆုံးသည့်ဦးရေမှာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် ဆာဗေဒိုတပ်ဖွဲ့ဝင်တစ်ဦးတို့ဖြစ်ပြီး ဆာဗေဒိုတပ်ဖွဲ့ဝင် ၁၉ဦးတို့ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုတွင် အီရတ်နိုင်ငံသား ၂၀သေဆုံးပြီး လူ ၂၀၀ထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြကြောင်း နာဂျက်ဖ်ကျန်းမာရေးဌာန ညွှန်ကြားရေးမှူး အယ်လ်နမ်နာကပြောကြားသည်။ အီရတ်နိုင်ငံသား ရဲတပ်ဖွဲ့ဝင်နှစ်ဦးတို့လည်း သေဆုံးသူများတွင် ပါဝင်ကြောင်း ၎င်းက ပြောကြားသည်။

နာဂျက်ဖ်ရှိ အယ်လ်အင်ဒါလတ်စ် အခြေစိုက်စခန်း အတိုက်အခိုက်ခံရစဉ် စပိန်နှင့် ဆာဗေဒိုတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ကြကြောင်းဖြင့် စပိန်ကာကွယ်ရေးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။ မိုဟာမက်အယ်လ်ယာကွတ်အား ထောက်ခံကြသူများ၏ တိုက်ခိုက်မှုဖြစ်ဖွယ်ရှိကြောင်း ယင်းကြေညာချက်တွင် ဖော်ပြထားသည်။

ဆာဗေဒိုနှင့် စပိန်တပ်ဖွဲ့ဝင်အချို့တို့ပါဝင်သည့် အမေရိကန် တပ်ဖွဲ့ဝင်များက တွန်းလှန်တိုက်ခိုက်ရေးသမားများအား လူစုခွဲရန်အတွက် ပစ်ခတ်ခဲ့ရခြင်းဖြစ်ပြီး စပိန်တပ်ဖွဲ့ဝင်တစ်ဦးမျှ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း မရှိကြောင်း ကြေညာချက်တွင်ပါရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တရုတ်ပြည် စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးရေး မဟာဗျူဟာများ ရေးဆွဲချမှတ်ဆောင်ရွက်မည်

ပေကျင်း ဧပြီ ၆

လူဦးရေ၊ အရင်းအမြစ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ မဟာဗျူဟာများအား ဖော်ပြသည့် မိန့်ခွန်းတစ်ရပ်ကို တရုတ်သမ္မတ ဟူဂျင်တောင်က မိန့်ကြားခဲ့ကြောင်း တရုတ်တာဝန် ရှိသူများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

လူဦးရေ၊ အရင်းအမြစ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် အစည်းအဝေးတစ်ရပ်ကို မြို့တော်ပေကျင်း၌ မကြာသေးမီက ကျင်းပခဲ့ရာတွင် ဟူဂျင်တောင် မိန့်ခွန်းပြောကြားခဲ့ခြင်း ဖြစ်သည်။ သမ္မတဟူသည် တရုတ် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အထွေထွေအတွင်းရေးမှူးလည်း ဖြစ်သည်။

အဆိုပါ မဟာဗျူဟာများသည် နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ပြီးပြည့်စုံသော အစီအစဉ်များ ရေးဆွဲချမှတ်ရန်တောင်းဆိုထားသည်။ တရုတ်ပြည်သည် ဖွံ့ဖြိုးရေး လုပ်ဆောင်ရန် သိပ္ပံနည်းကျ အယူအဆ ရှိရမည်ဖြစ်ကြောင်း ဟူက တိုက်တွန်းသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မိုဆူးလ်တွင် ကန်စစ်ယာဉ်တန်းတိုက်ခိုက်ခံရ တစ်ဦးသေဆုံး တစ်ဦးဒဏ်ရာရ

မိုဆူးလ် ဧပြီ ၆

အီရတ်နိုင်ငံမြောက်ပိုင်း မြို့တော်မိုဆူးလ်တွင် အမေရိကန်စစ်ယာဉ်တန်းအားပစ်မှတ်ထားကာ လမ်းဘေး ဗုံးထောင်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၍ အခြားတစ်ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း အမေရိကန်တပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားလိုက်သည်။ တိုက်ခိုက်မှုဖြစ်စဉ်မှာ ဘဂ္ဂဒက်မြောက်ပိုင်း မိုင် ၂၄၀ အကွာရှိ မိုဆူးလ်မြို့သို့သွားရာ အဓိကလမ်းမကြီးပေါ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သောနှစ်က အမေရိကန်ဦးဆောင်သော တပ်များ အီရတ်သို့ ကျူးကျော်သိမ်းပိုက်ခဲ့ပြီးနောက် စစ်မြေပြင်တွင် တိုက်ခိုက်ခံရမှုကြောင့် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၂၀ ထိရှိသွားပြီဖြစ်သည်။ ***အင်တာနက်။***

ရွှေမြစ်များပေါ်မှ ရွှေအလင်းရောင်စီမံကိန်းကြီးများ

ဦးဇော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာအနီး ချင်းတွင်းမြစ်ပေါ်၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ရွှေစာရေးရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းခွင်နှင့် နမ့်ခမ်းမြို့နယ် ရွှေလီမြစ်ပေါ်၌ တည်ဆောက်နေသည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလအတွင်း၌ သွားရောက်ခဲ့သည်။ အဖွဲ့ဝင်အဖြစ် ဆောင်းပါးရှင်လည်းပါခဲ့သဖြင့် ယင်းစီမံကိန်းများကို လေ့လာခွင့်ရရှိခဲ့သည်။ ရွှေစာရေးသည် မဂ္ဂါဝပ် ၆၀၀ကျော်၊ ရွှေလီသည် မဂ္ဂါဝပ် ၄၀၀လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့် ရေအားလျှပ်စစ်စီမံကိန်းများဖြစ်ရာ တိုင်းပြည်၏ အဓိကအရေးပါသော စီမံကိန်းကြီးများပင်ဖြစ်သည်။ ရွှေစာရေးသည် လုပ်ငန်းစတင်ရန်ပြင်ဆင်နေဆဲ စီမံကိန်းဖြစ်ပြီး ရွှေလီစီမံကိန်းတည်ဆောက်မှုမှာမူ အတော်ပင် အရှိန်ရနေပြီဖြစ်သည်။

ကျွန်တော်တို့အမိမြန်မာပြည်သည် မြေသယံဇာတသာမက ရေသယံဇာတပါ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ မူးမြစ်၊ ရွှေလီမြစ် စသည့် မြစ်တို့စီးဆင်းရာ တစ်လျှောက် တန်ဖိုးဖြတ်၍မရနိုင်သော သဘာဝ ရေအရင်းအမြစ်များကို အသုံးချ၍ ရေအားလျှပ်စစ် မြောက်မြားစွာထုတ်လုပ်နိုင်သည်။

ထို့ကြောင့်လည်း ဧရာဝတီမြစ်ဝှမ်းစီမံကိန်း၊ ချင်းတွင်းမြစ်ဝှမ်းစီမံကိန်း၊ သံလွင်မြစ်ဝှမ်းစီမံကိန်း၊ စစ်တောင်းမြစ်ဝှမ်းစီမံကိန်းစသည်ဖြင့် ပထဝီအနေအထားအရ ခြုံငုံခေါ်ဝေါ်ပြီး လယ်ယာကဏ္ဍနှင့် လျှပ်စစ်စွမ်းအား ကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်းများကို တစ်ခုပြီးတစ်ခု အကောင်အထည်ဖော်နိုင်ခြင်းဖြစ်သည်။

အထက်ပိုင်း ဧရာဝတီမြစ်ဝှမ်း၌ မြစ်ဆုံစီမံကိန်း၊ ရွှေလီစီမံကိန်း၊ ရဲရွာစီမံကိန်း၊ သဖန်းဆိပ်စီမံကိန်း၊ မုန်းစီမံကိန်းဟူ၍ ရေအားလျှပ်စစ်စီမံကိန်းငါးခုထိ တိုးချဲ့စူးစမ်းလေ့လာဖော်ထုတ်ပြီး တည်ဆောက်အကောင်အထည်ဖော်နေရာ မူးမြစ်ပေါ်၌ရှိသော သဖန်းဆိပ်ရေလှောင်တမံ၌ မဂ္ဂါဝပ် ၃၀အင်အားရှိသည့် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ခဲ့ပြီးဖြစ်သည်။ မြစ်ဆုံစီမံကိန်းမှအပ ကျန်စီမံကိန်းသုံးခုမှာ အကောင်အထည်ဖော်နေဆဲဖြစ်သည်။ ဆက်လက်လေ့လာစူးစမ်းမှုများအရ အထက်ပိုင်းဧရာဝတီမြစ်ဝှမ်း၌ ရေအားလျှပ်စစ်စီမံကိန်းများ ထပ်မံပေါ်လာနိုင်သဖြင့် စာရင်းပိတ်၍ မဖြစ်နိုင်သေးပါ။

ဧရာဝတီသည် ကမ္ဘာကျော်သည့် ရွှေမြစ်ကြီးဖြစ်ရာ ရွှေမြစ်ဝှမ်းတစ်လျှောက် ရွှေအလင်းရောင်စီမံကိန်းကြီးများကို မမောမပန်း ဖွဲ့သတ္တိရှိရှိ တည်ဆောက်သွားနိုင်မှသာ ရွှေနိုင်ငံစစ်စစ်ဖြစ်မှာ ဖြစ်သည်။

ဧရာဝတီကို စံပြု၍ ကျန်သောမြစ်များ၊ ချောင်းများကိုလည်း လူ့လုပ်အားဖြင့် တန်ဖိုးမြှင့်တင် အသုံးချသွားရမှာ ဖြစ်သည်။ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ရွှေနိုင်ငံအဖြစ် တည်ဆောက်ရာ၌ လျှပ်စစ်ဓာတ်အားမပြည့်စုံသေးသမျှ အကန့်အသတ်များဖြင့် တုံ့နှေးနေမှာဖြစ်သည်။

လျှပ်စစ်ဓာတ်အားသည် ရွှေနိုင်ငံဖြစ်ရေးအတွက် အရင်းပြုရမည့် ရွှေလည်းဟုတ်သည်။ ငွေလည်းဟုတ်သည်။ နိုင်ငံတော်အတွက် အရေးပါသည့် ရတနာဖြစ်သည်။ မြို့ကြီးပြကြီးများကလည်း လိုချင်သည်။ ကျေးလက်ဒေသများကလည်းလိုချင်သည်။ စီးပွားရေးလုပ်ငန်းများကလည်း တောင်းဆိုနေသည်။ ခေတ်စနစ်အလှည့်အပြောင်း၌ လူတွေ၏လူနေမှုဘဝသည်လည်း ပြောင်းလဲလာရုံသာမက နေထိုင်သုံးစွဲမှု အဆင့်အတန်းခုန်ကျော်မြင့်မားလာလျက်ရှိသည်။ တီဗွီ၊ဗီစီဒီသာမက ကွန်ပျူတာကိုပါ သုံးစွဲမှုများလာသည့် အီလက်ထရောနစ်ခေတ် ရောက်နေပြီဖြစ်သည်။ တယ်လီဖုန်းဆိုလျှင်လည်း ဒီဂျစ်တယ်ဖြစ်မှ ကောင်းမှန်းသိနေပြီဖြစ်သည်။ အကောင်းကိုသိ၊ အကောင်းကိုသုံးစွဲလာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အားသည် လူနေမှုဘဝ၏ မရှိမဖြစ်သည့် အခြေခံ လိုအပ်ချက်တစ်ရပ်အဖြစ် ပြောင်းလဲလာသည်။

ပေါင်းလောင်းမြစ်ပေါ်တွင် တည်ဆောက်နေသည့် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်နိုင်မည့် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။

ပြောင်းလဲလာသော အခြေအနေများနှင့်အညီ လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်သည် ပြင်းပြင်းထန်ထန် အားထုတ်ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိသည်။ ယခင်က ဘီလူးချောင်းကို အခြေခံသည့် စုစုပေါင်း ၁၉၆မဂ္ဂါဝပ် စက်အင်အားရှိသော လောပိတရေအားလျှပ်စစ်စက်ရုံလောက်ဖြင့် ရပ်တန့်နေ၍မရ၊ တိုးချဲ့ထူထောင်မှုများလုပ်နေရသည်။

ကျွမ်းကျင်သူများ၏ လေ့လာတိုင်းတာထားမှုများအရ နိုင်ငံတစ်ဝန်းရှိ မြစ်များ၊ချောင်းများ၏ နှစ်စဉ် ရေစီးဆင်းမှုပမာဏသည် ဧကပေ ၈၇၆သန်းကျော်ရှိသည်။ ဧရာဝတီမြစ်တစ်ခုတည်းပင် ရေစီးဆင်းမှုပမာဏဧကပေသန်း ၂၅၀ကျော်သည်။ သံလွင်မြစ်မှာ ဧကပေ၂၀၉သန်းခန့်၊ ချင်းတွင်းမြစ်သည် ဧကပေ၁၁၅သန်းခန့်၊ စစ်တောင်းမြစ်သည် ဧကပေ၃၄သန်းခန့် အသီးသီးရှိသည်။ ရေအရင်းအမြစ်ရှားပါးသော နိုင်ငံမျိုးမဟုတ်သဖြင့် ပေါများလှသည့် ရေသယံဇာတကို အသုံးပြု၍ ရေအားလျှပ်စစ်စီမံကိန်းများ ထူထောင်ရမှာဖြစ်သည်။

နိုင်ငံတော်၌ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် ရေအရင်းအမြစ် အသေး၊ အလတ်၊ အကြီးနေရာပေါင်း ၂၆၈ခုမှ စုစုပေါင်းဓာတ်အားမဂ္ဂါဝပ်၄၀၀၀၀နီးပါးခန့် ထုတ်လုပ်နိုင်စွမ်းရှိသည်ဟု တွက်ချက်ထားရာ ယနေ့အထိ ၄၂နေရာ၌ မဂ္ဂါဝပ်၃၉၀ကျော် ထုတ်လုပ်နိုင်သည့် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပြီးဖြစ်သည့်အတွက် ထုတ်လုပ်နိုင်သော ရေအားလျှပ်စစ်ဓာတ်အားပမာဏ၏ ၁ရာခိုင်နှုန်းခန့်သာရှိသည်။ ယင်းစက်ရုံများအနက် စက်ရုံအများစုသည် ဒေသသုံးအတွက်သာဖြစ်သည့်အတွက် မဟာဓာတ်အားလိုင်းစနစ် အပြင်ဘက်၌ရှိနေသည်။ မဟာဓာတ်အားလိုင်းအတွက်ရော ဒေသသုံးအတွက်ပါ နောက်ထပ်စက်ရုံမြောက်မြားစွာကို တည်ဆောက်ရဦးမှာဖြစ်သည်။

မြစ်ငယ်မြစ်ပေါ်တွင် တည်ရှိသည့် မဂ္ဂါဝပ် ၇၈၀ ထုတ်ယူရရှိနိုင်မည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းမှ ဥမင်လိုဏ်ခေါင်းဖောက်လုပ်မှုမြင်ကွင်းကို တွေ့ရစဉ်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"တတိယငါးနှစ်စီမံကိန်းကာလ (၂၀၀၁-၂၀၀၂မှ ၂၀၀၅-၂၀၀၆ခုနှစ်) အတွင်း လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ်၂၀၀၀ထပ်မံတိုးချဲ့ရရှိအောင် ဆောင်ရွက်ရန်နှင့် ယင်းသို့ဆောင်ရွက်ရာ၌ ပေါကြွယ်ဝသော ရေအရင်းအမြစ်များကို အခြေခံ၍ လုပ်ကိုင်ဆောင်ရွက်ရန်"** လမ်းညွှန်မှုပြုပြီး တွန်းအားပေးထားသည်။ ရေအားလျှပ်စစ်စီမံကိန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်အတွက်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်၌ ရေအားလျှပ်စစ်ဦးစီးဌာနကိုပါ သီးခြားဖွဲ့စည်းပေးထားသည်။

ယခုထပ်မံ၍ မကြာသေးမီကပင် လျှပ်စစ်စီမံကိန်းများကို ဦးဆောင်ကြပ်မတ် အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း ဦးဆောင်ကော်မတီနှင့် နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းလိုက်ရာ လျှပ်စစ်စီမံကိန်းများအပေါ် နိုင်ငံတော်၏ဦးစားပေးအလေးထားမှုသည် လက်တွေ့ကျကျပေါ်လွင်လျက်ရှိသည်။

နိုင်ငံတော်၏တာဝန်ပေးချက်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် တိုင်းပြည်၏လျှပ်စစ်ဓာတ်အား တိုးတက်တောင်းခံလျက်ရှိသည့် အခြေအနေကိုဖွဲ့၊ သတ္တိ၊ ကျွမ်းကျင်မှုတို့ကို အရင်းခံ၍ တုံ့ပြန်ဖြည့်ဆည်းရမှာဖြစ်သည်။ အင်ကုန်အားကုန် အားထည့်လုပ်ကိုင်ရမှာဖြစ်သည်။ လုပ်ငန်းသဘာဝအရ နီးနွယ်ဆက်စပ်နေသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် အတူ ဟန်ချက်ညီညီ ညှိနှိုင်းပူးပေါင်း လုပ်ကိုင်သွားရမှာဖြစ်သည်။ ကျန်ရှိသော ဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ အကူအညီကိုလည်း ရယူသွားရမှာဖြစ်သည်။ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ တစ်ဌာနတည်းဖြင့် ကြီးမားလှသော ရေသယံဇာတများကို ဖော်ထုတ်ပြုပြင် အသုံးချရန် မလွယ်ကူပါ။ အားလုံး၏ စုစည်းပူးပေါင်းအားထုတ်မှုဖြင့်သာ ကျော်လွှားရမှာဖြစ်သည်။

စုစည်းမှုသည် အင်အားဖြစ်သည်ဟု အပြောလွယ်သလောက် အလုပ်ပါလာရန် ခက်ခဲသည်။ စိတ်ရှည်ရသည်။ ကျွမ်းကျင်မှုအပြင် နားလည်မှု၊ စာနာမှု၊ ယုံကြည်မှုရှိမှလည်း အလုပ်ဖြစ်မှာ သေချာသည်။

ပဲခူးမြစ်ပေါ်၌ ဇောင်းတူရေလှောင်တမံတည်၍ ဇောင်းတူရေအားလျှပ်စစ်စက်ရုံကို အခက်အခဲများစွာကြားမှ စုစည်းပူးပေါင်း အားထုတ်မှုဖြင့်ပင် ရန်းကန်ကြိုးစားတည်ဆောက်ခဲ့ရသည်။ တစ်လုံးလျှင် ၁၀မဂ္ဂါဝပ်အင်အားရှိ စက်နှစ်လုံးဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးသည့်အပြင် ပဲခူးမြို့ပတ်ဝန်းကျင် ရေကြီးနစ်မြုပ်မှုကို ကာကွယ်နိုင်ပြီး လယ်ယာမြေများကိုလည်း ရေပေးဝေနိုင်သည်။ တစ်နည်းအားဖြင့် နှစ်စဉ် ရေစီးဆင်းမှုပမာဏဧကပေ ၆ဒသမ ၅သန်းခန့်ရှိသော ပဲခူးမြစ်ရေကို အတိုင်းအတာတစ်ရပ်အထိ ထိန်းချုပ်၍ ပြည်သူ့အကျိုးပြုလုပ်ငန်းကို အောင်မြင်စွာ ဖော်ဆောင်နိုင်ခြင်းဖြစ်သည်။ ပဲခူးမြစ်၏ မူလရှိနေသော တန်ဖိုးကိုမြှင့်တင်နိုင်သည့် လူသား၏အောင်ပွဲပင်ဖြစ်သည်။

ထို့အတူ ဇော်ဂျီမြစ်ပေါ်၌လည်း ရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ရေအားလျှပ်စစ်စက်ရုံအဆင့်ဆင့်ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းတည်ဆောက်၍ ပြည်သူများအား အကျိုးပြုစေခဲ့ပြီးဖြစ်သည်။ တစ်နှစ် ရေစီးဆင်းမှုပမာဏဧကပေ လေးသိန်းကျော်ရှိသော ဇော်ဂျီမြစ်ရိုးတစ်လျှောက်၌ တပ်ကြီး၊ ဇော်ဂျီ(၁)၊ ဇော်ဂျီ(၂)စသည့် အသေးစားနှင့် အလတ်စားရေအားလျှပ်စစ်စက်ရုံများတည်ဆောက်ခဲ့ပြီးဖြစ်သည်။ တပ်ကြီးစက်ရုံက ၁ဒသမ ၂မဂ္ဂါဝပ်၊ ဇော်ဂျီ(၁)စက်ရုံက ၁၈မဂ္ဂါဝပ်၊ ဇော်ဂျီ(၂)စက်ရုံက ၁၂မဂ္ဂါဝပ် ထုတ်လုပ်နိုင်စွမ်းရှိသည်။ ဇော်ဂျီမြစ်ရေကို ပိုင်နိုင်စွာ အဆင့်ဆင့်ထိန်းချုပ်၍ ရေအားလျှပ်စစ်ထုတ်လုပ်ရုံသာမက စိုက်ပျိုးရေးအတွက်ပါ အောင်မြင်စွာ အသုံးပြုနိုင်ခြင်းပင်ဖြစ်သည်။

ပဲခူးမြစ်၊ ဇော်ဂျီမြစ်တို့အပြင် နှစ်စဉ်ရေစီးအင်အား ဧကပေ ၁၁သိန်းခန့်ရှိသည့် ပန်းလောင်မြစ်ပေါ်တွင်လည်း လျှပ်စစ်ဓာတ်အား ၅၆ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သော ကင်းတားရေအားလျှပ်စစ်စက်ရုံကို တည်ဆောက်ခဲ့ပြီးဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ⇨

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်

ရန်ကုန် ဧပြီ ၇

တာမွေမြို့နယ် မီးသတ်ဦးစီးဌာနနှင့် ဗဟန်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့မှ သင်တန်းနည်းပြ ရဲသူရိန်ကိုကိုစိုးနှင့် အဖွဲ့ဝင်များဦးဆောင်၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းခွင် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုကို ယနေ့နံနက်၁၁နာရီတွင် ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁) အမှတ်(၅၃)ရှိ မြန်မာ့အလင်းသတင်းစာတိုက်၌ကျင်းပရာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း တက်ရောက်ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

အဆိုပါ သရုပ်ပြသပွဲသို့ မြန်မာ့အလင်း သတင်းစာတိုက် စာတည်းမှူးချုပ် ဦးရဲမြင့်ဖေ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးမြလှိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာ့အလင်းသတင်းစာတိုက် မန်နေဂျာ ဦးဇော်ဝင်းနှင့်တာဝန်ရှိသူများ၊သင်တန်းမှူးများ၊ နည်းပြများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အစီအစဉ်အရ သင်တန်းမှူး ရဲသူရိန်ကိုကိုစိုး ဦးဆောင်သော နည်းပြများနှင့် သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းမှ သီးသန့်မီးသတ် တပ်ဖွဲ့ဝင် ၂၅ဦးတို့သည် မီးသတ်ကားတစ်စီး၊ အပေါ့စား မီးသတ်စက်နှစ်လုံးနှင့် မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်မှုများကို သရုပ်ပြလေ့ကျင့်ကြသည်။

မီးငြိမ်းသတ်ရေး

သရုပ်ပြပွဲအပြီးတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် စပ်လျဉ်း၍ ပေါ့ဆမီးလောင်ကျွမ်းမှု မဖြစ်ပေါ်စေရေး၊ လျှပ်စစ်မှတစ်ဆင့် ဝါယာရှော့စ်လောင်ကျွမ်းမှုများ မဖြစ်ပေါ်စေရေးတို့အတွက် မျက်ခြည်မပြတ် ဂရုတစိုက်ဆောင်ရွက်ကြရန်၊ ဌာနမှ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့်လည်း မီးငြိမ်းသတ်ရေး လုပ်ငန်းများကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ဆောင်ရွက်နိုင်ရန် ကြိုးစားကြစေလိုကြောင်း စသည်ဖြင့် မှာကြားသည်။ (သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရဆရာတော် ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၇

ကလေးမြို့ စကားလှဓမ္မာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဓမ္မပါလ(တိုင်းသံဃနာယကအဖွဲ့ဝင်)အား အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်း ခံရတော်မူသည့် ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားနှင့် မှန်ချိုဆေးတိုက်မိသားစုမှ ဂုဏ်ပြုပူဇော်ပွဲအတွက် လှူဒါန်းမှုအစုစုတို့အား ရေစက်သွန်းချပွဲကို ဧပြီ ၁ ရက် နံနက်ပိုင်းတွင် ကျောင်းတိုက်အတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈-၄-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇း၁၅ ၂။ **တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**

၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့

၇း၃၀ ၄။ နံနက်ခင်းသတင်း

၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇း၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၈း၀၀ ၇။ အဆိုပြိုင်ပွဲ

၈း၁၀ ၈။ ခါသကြိန်အဆိုအကများ

၈း၂၅ ၉။ နတ်သားတောရေလှောင်တမံ

၈း၃၀၁၀။ International News.

၈း၄၅၁၁။ Let's Go.

၉း၀၀၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄း၃၀ ၃။ English for Everyday Use

၄း၄၀ ၄။ ခါသကြိန်အဆိုအကများ

၄း၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)

၅း၁၀ ၆။ မြန်မာစာမြန်မာစကား

၅း၂၀ ၇။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်

၅း၃၅ ၈။ ခါသကြိန်အဆိုအကများ

၅း၅၀ ၉။ စည်းကမ်းထိန်းပါ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြိန်ပွဲတော်မှာ

၆း၁၀၁၀။ တောင်းဆုပြည့်စုံ မြတ်ဘုရားရွှေတိဂုံ(အပိုင်း-၅)

၆း၃၀၁၁။ ညနေခင်းသတင်း

၇း၀၀၁၂။ မိုးလေဝသအခြေအနေ

၇း၀၅၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးနတ်မယ် (အပိုင်း-၁၃)**

၇း၃၀၁၄။ ခါသကြိန်အဆိုအကများ

၇း၄၀၁၅။ စုပေါင်းကာကွယ်လမ်းအန္တရာယ် ထိခိုက်မှုမှကင်းစေမယ် (အပိုင်း-၂)

၈း၀၀၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ မြန်မာဗီဒီယိုဇာတ်လမ်း **ခွင့်လွှတ်မယ်ဆိုရင် (အပိုင်း-၁) (မင်းမော်ကွန်း၊ခိုင်သင်းကြည်) ဒါရိုက်တာ-ကိုဇော် (အရုဏ်ဦး)**

၂၀။ နောက်တစ်နေ့အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏။

⇨ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ထို့အတူ နှစ်စဉ်ရေစီးဆင်းမှု ပမာဏ ဧကပေ သုံးသန်းကျော်ရှိသည့် မူးမြစ်ကိုပိတ်သည့် သဖန်းဆိပ်ရေလှောင်တမံ၌ ထည့်သွင်းတည်ဆောက်ထားသော သဖန်းဆိပ် ရေအားလျှပ်စစ်စက်ရုံသည် ပြည်သူများကို အလင်းရောင်ပေးနေပြီဖြစ်သည်။

ပဲခူးမြစ်၊ ဇော်ဂျီမြစ်၊ ပန်းလောင်မြစ်နှင့် မူးမြစ်တို့ကို ထိန်းချုပ်၍ ရွှေအလင်းရောင်စက်ရုံတွေ ထူထောင်နိုင်ခြင်းဖြင့် နိုင်ငံတော်အတွက် စီမံကိန်းသစ်များကို ဖော်ဆောင်ရန် ခွန်အားသစ်ဖြစ်စေသည်မှာ အမှန်ဖြစ်သည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပါ အတွေ့အကြုံအသစ်များ တိုးပွားစေသည်။

ဤသို့ဖြင့် နှစ်စဉ်ရေစီးဆင်းမှုပမာဏ ဧကပေ ၁၂ သန်းကျော်ရှိသည့် ဒုဋ္ဌဝတီမြစ် သို့မဟုတ် မြစ်ငယ်မြစ်၏ မြစ်ရေကို အသုံးချရန် ရဲရွာစီမံကိန်းကြီး ပေါ်လာခဲ့သည်။ မန္တလေး၊ ပြင်ဦးလွင်နှင့် ကျောက်ဆည်မြို့နယ် သုံးမြို့နယ်ဆုံရာ မြစ်ငယ်မြစ်ပေါ်၌ ရေလှောင်တမံ တည်ဆောက်၍ စက်လေးလုံးဖြင့် လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၇၈၀ ထုတ်လုပ်ပေးမှာဖြစ်သည်။ နိုင်ငံတော်၏ အကြီးဆုံးရေအားလျှပ်စစ်စီမံကိန်းကြီးဖြစ်သည်။ အင်ပြည့်အားပြည့် တည်ဆောက်လျက်ရှိသည်။

ဆက်လက်၍ တရုတ်ပြည်၌ မြစ်ဖျားခံ၍ ဧရာဝတီမြစ်အတွင်း စီးဝင်သည့် ရွှေလီမြစ်ပေါ်၌ ရွှေလီရေအားလျှပ်စစ်စီမံကိန်းကို စတင်ခဲ့ပြန်သည်။ ယင်းစက်ရုံ၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၀စီ ထုတ်လုပ်နိုင်အားရှိသော စက်လေးလုံးတပ်ဆင်သွားမှာဖြစ်သည်။ မဟာဓာတ်အားလိုင်းဝင် အကြီးစားစီမံကိန်းဖြစ်သည်သာမက လောပိတစက်ရုံနှင့် ပေါင်းလောင်းစက်ရုံတို့ထက် ဓာတ်အားပိုမိုထုတ်လုပ်ပေးမည့် စီမံကိန်းဖြစ်သည်။

ရွှေမြစ်များမှ ရွှေအလင်းရောင် ပိုမိုထွန်းပြောင်မှာဖြစ်သည်။

ဧရာဝတီမြစ်ဝှမ်း(အထက်ပိုင်း)ရှိရေအားလျှပ်စစ်စီမံကိန်းများ

စဉ်	မြစ်အမည်	နှစ်စဉ်ရေစီးဆင်းမှုဧကပေ	စက်တပ်ဆင်အင်အားမဂ္ဂါဝပ်
၁။	ဇော်ဂျီ	၀ ဒသမ ၄ သန်း	၃၁ ဒသမ ၂
၂။	ပန်းလောင်	၁ ဒသမ ၁ သန်း	၅၆ ဒသမ ၀
၃။	မူး	၃ ဒသမ ၀ သန်း	၃၀ ဒသမ ၀
၄။	မြစ်ငယ်	၁၂ ဒသမ ၁ သန်း	၇၉၀
၅။	ရွှေလီ	၆ ဒသမ ၆ သန်း	၄၀၀

ဧရာဝတီမြစ်ဝှမ်း(အထက်ပိုင်း)၌ ဇော်ဂျီ၊ ပန်းလောင်၊ မူး၊ မြစ်ငယ်၊ ရွှေလီစသည့် ဧရာဝတီမြစ်တွင်းစီးဝင်သည့်မြစ်တွေအပြင် မုန်းချောင်း၊ မန်းချောင်းကဲ့သို့ ချောင်းကြီးများလည်းပါသည်။ မုန်းချောင်းသည် မြစ်ငယ်တစ်ခုကဲ့သို့ပင် ရေစီးအားရှိသည်။ နှစ်စဉ်ရေစီးဆင်းမှုပမာဏ ဧကပေ ၃ ဒသမ ၅ သန်းခန့်ရှိသည်။ မုန်းချောင်း၌ လောလောဆယ် ၇၅မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်မည့် ရေအားလျှပ်စစ်စက်ရုံသည် ရာနှုန်းပြည့်နည်းပါးခန့် ပြီးစီးနေပြီး မုန်းရေလှောင်တမံ၏ အထက်နှင့်အောက်၌ ကြီးအုံကြီးဝ စီမံကိန်းနှင့်ဘူးရွာစီမံကိန်းများဖြစ်သည့် ရေအားလျှပ်စစ်စီမံကိန်း အသစ်နှစ်ခုကို တည်ဆောက်ရန် စီစဉ်နေသည်။ ကြီးအုံကြီးဝစီမံကိန်းဆိုလျှင် စတင်အကောင်အထည်ဖော်နေပြီဖြစ်သည်။ ထို့ကြောင့် မုန်းချောင်းတစ်လျှောက်တွင် ရွှေအလင်းရောင်စီမံကိန်း သုံးခုရှိလာမှာဖြစ်သည်။

စစ်တောင်းမြစ်ဝှမ်း၌ အကျုံးဝင်သည့် ရေအားလျှပ်စစ်စီမံကိန်းတို့မှာ ပေါင်းလောင်းစီမံကိန်း၊ ရွှေကျင်စီမံကိန်း၊ သောက်ရေခပ်စီမံကိန်း၊ ဘောဂထစီမံကိန်း၊ ခပေါင်းစီမံကိန်း၊ ကွန်းစီမံကိန်း၊ ဖြူးစီမံကိန်း၊ ရဲနွယ်စီမံကိန်း၊ ပသိစီမံကိန်းတို့ဖြစ်သည်။ မဂ္ဂါဝပ် ၂၈၀ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးမည့် ပေါင်းလောင်းမြစ်ပေါ်မှ ပေါင်းလောင်းစီမံကိန်းကြီးမှာ ယခု ၂၀၀၄ခုနှစ်အတွင်း ပြီးစီးတော့မှာဖြစ်သည်။ ကျန်စီမံကိန်းများသည်လည်း သုံးလေးနှစ်ခန့်အတွင်း ပြီးစီးတော့မှာဖြစ်ရာ စစ်တောင်းမြစ်၏ တန်ဖိုးသည် ရွှေရောင်ဝင်းလာမှာဖြစ်သည်။

စစ်တောင်းမြစ်ဝှမ်းရှိ ရေအားလျှပ်စစ်စီမံကိန်းများ

စဉ်။	စီမံကိန်းအမည်	စက်တပ်ဆင်အင်အားမဂ္ဂါဝပ်
၁။	ပေါင်းလောင်း	၂၈၀
၂။	ဘောဂထ	၁၆၀
၃။	သောက်ရေခပ်	၁၅၀
၄။	ရွှေကျင်	၇၅
၅။	ကွန်း	၆၀
၆။	ဖြူး	၄၀
၇။	ခပေါင်း	၃၀
၈။	ရဲနွယ်	၂၅
၉။	ပသိ	၂

သံလွင်မြစ်ဝှမ်း၌ အကျုံးဝင်သော ရေအားလျှပ်စစ်စီမံကိန်းတို့မှာ လောလောဆယ် အကောင်အထည်ဖော်လျက်ရှိသည့် ကျိုင်းတောင်းစီမံကိန်းနှင့် အသေးစိတ် လေ့လာတိုင်းတာနေဆဲဖြစ်သည့် တာဆန်းစီမံကိန်းကြီးဖြစ်သည်။

ကျိုင်းတောင်းစီမံကိန်းမှာ ၅၄ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်နိုင်စွမ်းရှိပြီး တာဆန်းစီမံကိန်းမှာ မဟာအကြီးစားစီမံကိန်းဖြစ်သည်။ ပဏာမလေ့လာတိုင်းတာမှုအရ ဓာတ်အားမဂ္ဂါဝပ် ၇၁၁၀ ထုတ်လုပ်နိုင်မည်ဟု တွက်ချက်ထားသည်။ ရေစီးမြန်လှသည့် သံလွင်မြစ်သည် ရေအားလျှပ်စစ် ထုတ်လုပ်ရန်အတွက် အသုံးဝင်နေပြီဖြစ်ရာ တန်ဖိုးရှိသော ရွှေမြစ်ကြီးအဖြစ် တန်ဖိုးတက်လာမှာ သေချာသည်။

ဟူးကောင်းချိုင့်ဝှမ်းဘက်မှ မြစ်ဖျားခံလာသော ချင်းတွင်းမြစ်သည်လည်း ထမံသီ စီမံကိန်း၊ ဟုမ္မလင်းစီမံကိန်း၊ မော်လိုက်စီမံကိန်း၊ ရွှေစာရေးစီမံကိန်း စသည်ဖြင့် ရေလှောင်တမံ အဆင့်ဆင့်ဖြင့် ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်ရန်ရှိလာသည်။ ယင်းစီမံကိန်းများအနက် ထမံသီ ရေအားလျှပ်စစ်စီမံကိန်းမှာ အကြီးစားစီမံကိန်းကြီးဖြစ်သည်။ ခန့်မှန်းခြေ မဂ္ဂါဝပ် ၁၂၀၀ခန့် ထုတ်လုပ်နိုင်အားရှိသည်။

လောလောဆယ် ခြေနိုင်လက်နိုင်ဖြင့် တည်ဆောက်နိုင်မည့် အလားအလာကောင်းသော စီမံကိန်းမှာ မုံရွာမြို့၏အထက်ဘက် မိုင်၂၀ခန့်၌ရှိသော ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း ဖြစ်သည်။ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၆၀၀ ကျော်ခန့် ထုတ်လုပ်နိုင်စွမ်းရှိသည့် စီမံကိန်းကြီးဖြစ်သည်။ သို့ရာတွင် ချင်းတွင်းမြစ်၏ ရေစီးဆင်းအား၊ အနည်ထိုင်နှုန်း၊ ပထဝီအနေအထား၊ ဘူမိဗေဒနှင့် ဇလဗေဒဆိုင်ရာ အချက်အလက်များကို စုံနေအောင် တွက်ချက်စဉ်းစားရသည်။ ချင်းတွင်းမြစ်၏ တစ်နှစ်ရေစီးမှုမှာ ဧကပေ ၁၁၅ သန်းခန့်ရှိရာ တစ်နိုင်ငံလုံးရှိ ရေသယံဇာတ၏ ၁၆ဒသမ ၅ရာခိုင်နှုန်းခန့်ရှိသဖြင့် ပမာဏကြီးမားလှသည်။ ယနေ့အထိ တည်ဆောက်ခဲ့သော ရေလှောင်တမံများအနက် ရေထုပမာဏအကြီးမားဆုံးမြစ်ပေါ်ရှိ စီမံကိန်းမှာ မြစ်ငယ်မြစ်ပေါ်မှ ရဲရွာစီမံကိန်းဖြစ်သည်။ မြစ်ငယ်မြစ်၏ ရေစီးဆင်းမှုပမာဏ နှစ်စဉ်ဧကပေ ၁၂သန်းကျော်ရှိသည်။ ဧကပေ သုံးသန်းမှ ခြောက်သန်းကျော်အထိရှိသော ရေထုထည်ကိုတော့ ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျွမ်းကျင်ကျင် ထိန်းချုပ်နိုင်သည့် ကိုယ်ပိုင်အတွေ့အကြုံရှိပြီးဖြစ်သည်။ ထုထည်ပမာဏကြီးမားသော ရွှေစာရေးသည် မြန်မာအင်ဂျင်နီယာ၊ မြန်မာအတတ်ပညာရှင်များ၏ စွမ်းအားကို စိန်ခေါ်နေပြီဖြစ်သည်။ ချင်းတွင်းမြစ်၏ ရေစီးအားကို အဆင့်ဆင့်ထိန်းချုပ်နိုင်သည်နှင့်အမျှ ရေအားလျှပ်စစ်လည်းရမည်။ စိုက်ပျိုးရေလည်းရမည်။ ရေကြောင်းသွားလာရေးလည်း လွယ်ကူမည်။ မြန်မာအတတ်ပညာရှင်များ၏ အတတ်ပညာစွမ်းအားသည်လည်း တစ်ဆင့်မြင့်တက်သွားမှာ သေချာနေသည်။

ချင်းတွင်းမြစ်ဝှမ်းရှိ ရေအားလျှပ်စစ်စီမံကိန်းများ

စဉ်	စီမံကိန်းအမည်	စက်တပ်ဆင်အင်အားမဂ္ဂါဝပ်
၁။	ထမံသီ	၁၂၀၀
၂။	ရွှေစာရေး	၆၀၀
၃။	မော်လိုက်	၄၀၀
၄။	ဟုမ္မလင်း	၁၅၀

ပဲခူးမြစ်၊ ဇော်ဂျီမြစ်၊ မူးမြစ်၊ မြစ်ငယ်မြစ်၊ ရွှေလီမြစ်၊ ပန်းလောင်မြစ်၊ ပေါင်းလောင်းမြစ်စသည့် မြစ်ငယ်တို့ကို ရွှေမြစ်များဖြစ်အောင် ထိန်းကိုင်နိုင်သည့် အတွေ့အကြုံများရှိနေပြီဖြစ်ရာ အင်အားကြီးသောချင်းတွင်းမြစ်ကိုလည်း ထိန်းချုပ်နိုင်မှာ သေချာနေသည်။ လူ့လုပ်အား၊ လူ့စွမ်းအားသည် အနာဂတ်နှင့်ယှဉ်၍ အမြဲတိုးတက်ဖွံ့ဖြိုးနေသည်သာဖြစ်ရာ ချင်းတွင်းမြစ်ရိုးတစ်လျှောက် ရွှေအလင်းရောင် စီမံကိန်းများ တစ်ခုပြီးတစ်ခု ထူထောင်၍ ရွှေမြစ်ကြီးအစစ်အမှန်ဖြစ်အောင် တီထွင်ကြံဆကြိုးပမ်းသွားနိုင်မှာဖြစ်သည်။

သို့ရာတွင် တစ်ဖက်မှလည်း ရေအားလျှပ်စစ်စက်ရုံတစ်ရုံ တည်ဆောက်ရာ၌ မူလရင်းနှီးမြှုပ်နှံမှု များပြားသကဲ့သို့ တည်ဆောက်ချိန်လည်း ကြာတတ်သည်ကို သတိမူရမှာဖြစ်ပါသည်။ ဖောင်းတူစီမံကိန်းတစ်ခုအတွက်ပင် နိုင်ငံခြားသုံးငွေအပါအဝင် စုစုပေါင်းကုန်ကျစရိတ်မှာ ကျပ်သန်း ၄၃၀၀ကျော်ခန့်ရှိပြီး ခြောက်နှစ်ခန့် အချိန်ယူတည်ဆောက်ခဲ့ရသည်။ ထို့ကြောင့် ရွှေအလင်းရောင် စီမံကိန်းများအတွက် တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးခိုင်မာပြီး ဓနငွေကြေးတောင့်တင်းရန် အားထုတ်ကြိုးပမ်းရမှာဖြစ်သည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံတော်၏ မြစ်ကြီး၊ မြစ်ငယ်အသွယ်သွယ်သည် ရွှေမြစ်များအဖြစ် ရွှေအလင်းရောင်များပေးစွမ်းနိုင်အားရှိသည်မှာ အမှန်ဧကန်ဖြစ်ရာ အတတ်ပညာစွမ်းအား၊ ဝီရိယစွမ်းအား၊ ညီညွတ်မှုစွမ်းအား၊ ယုံကြည်မှုစွမ်းအား၊ ခြိုးခြံချွေတာမှုစွမ်းအားတို့ဖြင့် ရွှေအလင်းရောင် စီမံကိန်းများကို တစ်ခုပြီးတစ်ခု တည်ဆောက်အကောင်အထည်ဖော်၍ ရွှေနိုင်ငံသို့ မဆုတ်မနစ် ချီတက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ မဟာသုခ ဆုတောင်းပြည့်စေတီတော်တွင် ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

❀ **ရှေ့ဖုံးမှ**

နတ်နဂါးမင်းရေကန်ကျောင်း အုတ်မြစ်စီအခမ်းအနားကို ရွာတော်မြို့ (ဘန်ဒါဘန်မြို့)တံတားကြီးရွာမင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ နတ်ချောင်းသရီ ဆရာတော် ဘဒ္ဒန္တ အာသဖ၊ ဘင်္ဂလားဒေ့ရှ်ဆရာတော် ဘဒ္ဒန္တ ပညာဇောတတို့ အမှူးပြုသော ဆရာတော်၊ သံဃာတော် အပါး ၁၃၀ တို့ ကြွရောက်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ရွာတော်မြို့ရှိ မြန်မာမျိုးနွယ်ဝင် ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် တောင်တန်းဒေသ သံဃကောင်စီဥက္ကဋ္ဌ ခမောင်းချောင်း ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏထံမှ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။ ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေး လုပ်ငန်းများအတွက် အလှူငွေများကို ဘင်္ဂလားဒေ့ရှ် ဆရာတော် ဘဒ္ဒန္တ ပညာဇောတအား ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့အား ရွာတော်မြို့ မြို့မိမြို့ဖများက မဟာသုခ ဆုတောင်းပြည့်စေတီတော်ပုံတော်ကို ဂါရဝပြု ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရွာတော်မြို့မှ ဦးစောဖြူက သမင်ချိုကို ဂါရဝပြုလက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် ပရိဘောဂစေတီ မဟာဗောဓိပင်စိုက်ပျိုးခြင်း အစီအစဉ်ကို ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မဟာဗောဓိပင်များကို စိုက်ပျိုးပေးပြီး အမွှေးနံ့သာများဖြင့် ပက်ဖျန်းပူဇော်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ရွာတော်မြို့(ဘန်ဒါဘန်မြို့)တံတားကြီးရွာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည့် ပရိဘောဂစေတီ မဟာဗောဓိပင်စိုက်ပျိုးခြင်းနှင့် နတ်နဂါးမင်း ရေကန်ကျောင်း အုတ်မြစ်စီအခမ်းအနားတွင် ရွာတော်မြို့ မြို့မိမြို့ဖများက မဟာသုခ ဆုတောင်းပြည့်စေတီတော်ပုံကို ဂါရဝပြုပေးအပ်ကြစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးတို့က နတ်နဂါးမင်းရေကန် ကျောင်း တည်ဆောက်ရန် အုတ်မြစ်စီကြသည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပရိဘောဂစေတီ မဟာဗောဓိပင် စိုက်ပျိုးခြင်းနှင့် နတ်နဂါးမင်း ရေကန်ကျောင်း အုတ်မြစ်စီ မော်ကွန်းမှတ်တမ်းကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် နတ်ချောင်းသရီ ဆရာတော်ဘဒ္ဒန္တ အာသဖက ရေစက်ချတရား ချီးမြှင့်တော်မူပြီး နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များက လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရွာတော်မြို့(ဘန်ဒါဘန်မြို့) တံတားကြီးရွာ မင်္ဂလာမဏ္ဍပ်၌ကျင်းပသည့် ပရိဘောဂစေတီ မဟာဗောဓိပင် စိုက်ပျိုးခြင်းနှင့် နတ်နဂါးမင်းရေကန်ကျောင်း အုတ်မြစ်စီအခမ်းအနားတွင် နတ်နဂါးမင်းရေကန်ကျောင်း တည်ဆောက်ရန် အုတ်မြစ်စီပေးစဉ်။ (သတင်းစဉ်)

အလှူငွေပေးအပ်

အခမ်းအနားအပြီးတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နှင့် အဖွဲ့ဝင်များသည် မဟာသုခ ဆုတောင်းပြည့် စေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင် များသည် ဘန်ဒါဘန်မြို့မှတစ်ဆင့် ကော့ဇ်ဘဇားမြို့ Cox's Bazar (ဖလောင်းချိပ်)သို့ ရောက်ရှိကြရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ရွာတော်မြို့ (ဘန်ဒါဘန်မြို့)တံတားကြီးရွာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည့် ပရိဘောဂစေတီ မဟာဗောဓိပင်စိုက်ပျိုးခြင်း နှင့် နတ်နဂါးမင်း ရေကန်ကျောင်း အုတ်မြစ်စီ အခမ်းအနားတွင် နတ်နဂါးမင်း ရေကန်ကျောင်း တည်ဆောက်ရန် အုတ်မြစ်စီပေးစဉ်။ (သတင်းစဉ်)

State Minister for Communications, Mr. Salah Uddin Ahmed၊ Deputy Commissioner for Cox's Bazar District, Mr. Saifuddin Ahmed နှင့် တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❒

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ရှာတော်မြို့ တံတားကြီးရွာ၌ မဟာဗောဓိပင် စိုက်ပျိုးခြင်းနှင့် နတ်နဂါးမင်းရေကန်ကျောင်း အုတ်မြစ်စီအခမ်းအနား တက်ရောက်

ဂါရဝပြု လက်ဆောင်ပေးအပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ရှာတော်မြို့(ဘန်ဒါဘန်မြို့)တံတားကြီးရွာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည့် ပရိဘောဂစေတီ မဟာဗောဓိပင် စိုက်ပျိုးခြင်းနှင့် နတ်နဂါးမင်း ရေကန်ကျောင်း အုတ်မြစ်စီ အခမ်းအနားတွင် ရှာတော်မြို့မှ ဦးစောဖြူက သမင်ချိုကို ဂါရဝပြု လက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

ရေစက်ချ အမျှပေးဝေ

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ရှာတော်မြို့ရှိ မြန်မာမျိုးနွယ်ဝင် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများ ရှာတော်မြို့(ဘန်ဒါဘန်မြို့)တံတားကြီးရွာ မင်္ဂလာမဏ္ဍပ်၌ကျင်းပသည့် ပရိဘောဂစေတီ မဟာဗောဓိပင် စိုက်ပျိုးခြင်းနှင့် နတ်နဂါးမင်းရေကန်ကျောင်း အုတ်မြစ်စီအခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ရှာတော်မြို့ (ဘန်ဒါဘန်မြို့) တံတားကြီးရွာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည့် ပရိဘောဂစေတီ မဟာဗောဓိပင် စိုက်ပျိုးခြင်းနှင့် နတ်နဂါးမင်း ရေကန်ကျောင်း အုတ်မြစ်စီ အခမ်းအနားတွင် မဟာဗောဓိပင်ကို ဆရာတော်ထံ ကပ်လှူပူဇော်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မဟာသုခ ဆုတောင်းပြည့်စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များ၊ ရှာတော်မြို့ရှိ မြန်မာမျိုးနွယ်ဝင် ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ရှာတော်မြို့(ဘန်ဒါဘန်မြို့) တံတားကြီးရွာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည့် ပရိဘောဂစေတီ မဟာဗောဓိပင် စိုက်ပျိုးခြင်းနှင့် နတ်နဂါးမင်း ရေကန်ကျောင်း အုတ်မြစ်စီ အခမ်းအနားတွင် ဆရာတော် သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှာတော်မြို့ (ဘန်ဒါဘန်မြို့) တံတားကြီးရွာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည့် ပရိဘောဂစေတီ မဟာဗောဓိပင်စိုက်ပျိုးခြင်းနှင့် နတ်နဂါးမင်း ရေကန်ကျောင်း အုတ်မြစ်စီအခမ်းအနားတွင် မော်ကွန်းမှတ်တမ်းကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

❒ စာမျက်နှာ ၈ မှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ State Minister for Communications Mr. Salah Uddin Ahmed က ကော့ဇ်ဘဇားမြို့ ဆီးဂဲလ်ဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြု နေ့လယ်စာစားပွဲတွင် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ State Minister for Communications Mr. Salah Uddin Ahmed နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့က မိန့်ခွန်း အသီးသီး ပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် State Minister for Communications Mr. Salah Uddin Ahmed နှင့် အဖွဲ့ဝင်များနှင့် အတူ နေ့လယ်စာ သုံးဆောင်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် Ramu (ပန်းဝါ)သို့ ရောက်ရှိကြပြီး Bangladesh Myanmar Friendship Road တည်ဆောက်ခြင်း အထိမ်းအမှတ် ကျောက်စာတိုင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အစီအစဉ်အရ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ Minister for Communications, Barister Nazmul Huda တို့က ၁၃၃ ကီလိုမီတာရှိမည့် Bangladesh Myanmar Friendship Roadလမ်းအပိုင်းမှ ၃၆ ကီလိုမီတာ ရှည်သည့် Ramu-Gundun လမ်းအပိုင်း တည်ဆောက်ပြီးသည့် အထိမ်းအမှတ် ကျောက်စာတိုင်ကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဖလောင်းချိပ်မြို့ရှိ အဂ္ဂမေဓာ မြန်မာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင်များ၊ တပည့် ဒါယကာ ဒါယိကာမများဖြစ်ကြသည့် ဒေသခံ မြန်မာမျိုးနွယ်များက ကြိုဆိုကြသည်။

ဒေသခံမြန်မာမျိုးနွယ်များအား တွေ့ဆုံအားပေးစကားပြောကြား

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဖလောင်းချိပ်မြို့ရှိ အဂ္ဂမေဓာ မြန်မာဘုန်းတော်ကြီးကျောင်းတွင် ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကန်တော့ကြပြီး ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် သပိတ်၊ သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ Ramu(ပန်းဝါ)တွင် Bangladesh Myanmar Friendship Road **တည်ဆောက်ခြင်း အထိမ်းအမှတ် ကျောက်စာတိုင်ဖွင့်ပွဲသို့ တက်ရောက်ရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံမှ** Minister for Communications, Barister Nazmul Huda **တို့က အထိမ်းအမှတ်ကျောက်စာတိုင်ကို ဖွင့်လှစ်ပေးကြစဉ်။**

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကန်တော့ကြပြီး ပူဇော်ရန် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် သပိတ်၊ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဒေသခံ မြန်မာမျိုးနွယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး နှုတ်ခွန်းဆက်အားပေး စကားပြောကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖလောင်းချိပ်မြို့ရှိ အဂ္ဂမေဓာ မြန်မာဘုန်းတော်ကြီးကျောင်းတွင် ဒေသခံမြန်မာမျိုးနွယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး နှုတ်ခွန်းဆက်အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် စစ်တကောင်းမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စစ်တကောင်းမြို့ အဂ္ဂရာဘတ် (Agrabad) ဟိုတယ်၌ သတင်းဌာနများနှင့် သတင်းစာတိုက်များမှ သတင်းထောက်များအား လက်ခံတွေ့ဆုံပြီး သတင်းထောက်များ မေးမြန်းသည့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီး၏ ရည်ရွယ်ချက်၊ ချစ်ကြည်ရေးခရီးအတွင်း နှစ်နိုင်ငံကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့သို့ တွေ့ဆုံရာတွင် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ Minister for Foreign Affairs, Mr. M. Morshed Khan၊ ပြည်ထောင်စု မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်တို့ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတည်ခင်း

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. M. Morshed Khanက စစ်တကောင်းမြို့ အဂ္ဂရာဘတ်ဟိုတယ်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲတွင် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. M. Morshed Khan နှင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် မိန့်ခွန်းအသီးသီးပြောကြားကြသည်။

ညစာသုံးဆောင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့်အတူညစာသုံးဆောင်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆

☆ စာမျက်နှာ ၁၀ မှ

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာသံအမတ်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ပါလီမန်အမတ်များ၊ ဒေသအာဏာပိုင်များ၊ စစ်တကောင်းမြို့တော်ဝန်၊ ကောင်စစ်ဝန်ချုပ်များ၊ ကုန်သည်ကြီးများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညစာစားပွဲအပြီးတွင် ဧည့်သည်တော်များအား ရိုးရာယဉ်ကျေးမှုကပွဲဖြင့် ဧည့်ခံဖျော်ဖြေသည်။ (သတင်းစဉ်)

လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်, ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. M Morshed Khanက စစ်တကောင်းမြို့ အဂ္ဂရာဘတ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်, ကော့ဇ်ဘဇားမြို့သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ State Minister for Communications Mr. Salah Uddin Ahmedက ကော့ဇ်ဘဇားမြို့ ဆီးဂဲလ်ဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည့် အခမ်းအနားတွင် အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

(သတင်းစဉ်)

တွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စစ်တကောင်းမြို့ အဂ္ဂရာဘတ်ဟိုတယ်၌ သတင်းဌာနများနှင့် သတင်းစာတိုက်များမှ သတင်းထောက်များအား လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ အမျိုးသားပြတိုက်ကြည့်ရှုလေ့လာ

ရန်ကုန် ဧပြီ ၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဖိတ်ကြားချက်အရ ၂၀၀၄ခုနှစ် မဟာသင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲရန် ရန်ကုန်မြို့တွင်ရောက်ရှိနေသော နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးစန်းဝေ လိုက်ပါလျက် ဧပြီ၆ ရက်တွင် အမျိုးသားပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နုမြဖံနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ (သတင်းစဉ်)

ကမ္ဘာ့ကျန်းမာရေးနေ့ အခမ်းအနားကျင်းပ ဒုတိယဝန်ကြီး ဒေါက်တာမြဦး အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၇

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)တို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးနေ့ (၂၀၀၄) အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ (IBC)၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr.Agostino Borra နှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးများ၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်တွင်း လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကားပြောကြားသည်။

သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr.Agostino Boora က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Pliambang Chang ၏ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန လူငယ်သင်တန်းကျောင်းများမှ ကလေးသူငယ်များက ယာဉ်အန္တရာယ်စုပေါင်းကာကွယ်သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဧည့်ကြိုဆောင်အတွင်း ပြသထားသော ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် လှုပ်ရှားမှုမှတ်တမ်းများကို ကြည့်ရှုအားပေးသည်။ (သတင်းစဉ်)

မှတ်တမ်း ဓာတ်ပုံရိုက်

ပြည်ထောင်စု မြန်မာ နိုင်ငံတော် - နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မေ၅ရက်က ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး Mr.M. Morshed Khan က စစ်တကောင်းမြို့ အဂ္ဂရာဘတ် ဟိုတယ်၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ရိုးရာယဉ် ကျေးမှုကပွဲဖြင့် ဧည့်ခံဖျော်ဖြေပြီး မှတ်တမ်းဓာတ်ပုံရိုက်စဉ်။

(သတင်း-ရွှေ့ဖုံး)
(သတင်းစဉ်)

မဇ္ဈိမဂုဏ်ရည်ဓမ္မသဘင်

ရန်ကုန် မေ ၇

ရန်ကုန်မြို့ သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်သာနာ့ရိပ်သာကြီးတွင် မေ ၉ရက်မှ ၁၇ရက်ထိ ဖွင့်လှစ်မည့် အထူးတရားစခန်းပွဲတွင် နေ့စဉ် နံနက် ၈ နာရီတွင် မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာ အရှင်ကောဝိဒက သီလပေးနှင့် အလုပ်ပေးတရားဟောကြားချီးမြှင့်မည်ဖြစ်သည်။ မေ ၁၀ရက်တွင် မဟာစည်နာယက မြစ်သားဆရာတော်၊ မေ ၁၁ ရက်တွင် သာကေတ ဆင်ဖြူတောင်ဆရာတော်၊ မေ ၁၂ရက်တွင် အင်းစိန်ညောင်ကန်အေးဆရာတော်၊ မေ ၁၃ ရက်တွင် နိုင်ငံတော် သံဃမဟာနာယက ဒုဥက္ကဋ္ဌ သရက်ဆရာတော်၊ မေ ၁၄ရက်တွင် မဟာစည်နာယကကျောက်ပန်းတောင်းဆရာတော်၊ မေ ၁၅ရက်တွင် မဇ္ဈိမဂုဏ်ရည်ဆရာတော်၊ မေ ၁၆ရက်တွင် မဟာစည်နာယက မြန်အောင် ဆရာတော်၊ မေ ၁၇ရက်တွင် မဇ္ဈိမဂုဏ်ရည်ဆရာတော်တို့က နေ့စဉ် ညနေ ၄နာရီခွဲ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဖောင်ကြီးအရှေ့ကျေးလက်ဆက်သွယ်ရေးဌာနဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် မေ ၇

မြန်မာနိုင်ငံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (အိုင်တီယူ)တို့ ပူးပေါင်းအကောင်အထည်ဖော်တည်ဆောက်ခဲ့သည့် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ကျေးရွာရှိ ကျေးလက်ဆက်သွယ်ရေးဌာနဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီခွဲတွင် အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်သန်း၊ အာရှ-ပစိဖိတ် ကြေးနန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု ဗျူရိုရုံးမှ အဆင့်မြင့်အတိုင်ပင်ခံ Mr. E. Behdad၊ ဖောင်ကြီးအရှေ့ကျေးရွာမှ ပြည်သူလူထုကိုယ်စား ဒေသခံ ဦးသောင်းရွှေတို့က ဖောင်ကြီး အရှေ့ကျေးရွာ၌ ကျေးလက် ဆက်သွယ်ရေးဌာန ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီးကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

လက်ခံယူ

ထို့နောက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်သန်းက ဖောင်ကြီး အရှေ့ကျေးရွာကျေးလက်ဆက်သွယ်ရေးဌာနနှင့် ပတ်သက်သည့် စာရွက်၊ စာတမ်းများကို ပေးအပ်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်မှ ဒုတိယဌာနချုပ်မှူး ဒုတိယဗိုလ်မှူးကြီး သူရမြင့်ဦးက လက်ခံယူသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် အာရှနှင့် ပစိဖိတ် ကြေးနန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု ဗျူရိုရုံးမှ အဆင့်မြင့် အတိုင်ပင်ခံပုဂ္ဂိုလ် Mr. E. Behdad နှင့် ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်သန်းတို့က ဖောင်ကြီး အရှေ့ကျေးရွာ ကျေးလက် ဆက်သွယ်ရေးဌာနကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြို့တော်ဝန်နှင့် အဖွဲ့သည် ဖောင်ကြီးအရှေ့ ကျေးရွာ ကျေးလက်ဆက်သွယ်ရေးဌာနအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံ ကျောင်းသား၊ကျောင်းသူများ ကွန်ပျူတာသင်တန်းဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ ဖွင့်လှစ်သည့် လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ကျေးရွာ ကျေးလက်ဆက်သွယ်ရေးဌာနကို အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေး အဖွဲ့ချုပ် (I.T.U) မှ အမေရိကန်ဒေါ်လာ ၅၅၆၀၀ နှင့် မြန်မာနိုင်ငံဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနမှ အမေရိကန်ဒေါ်လာ ၄၄၆၀၀ နှင့် ညီမျှသော မြန်မာကျပ်ငွေကို သုံးစွဲခဲ့ပြီး ကျေးလက်ဆက်သွယ်ရေးဌာနများအနေဖြင့် ကွန်ပျူတာသင်တန်း၊ အင်တာနက်နှင့် အီးမေးလ်သင်တန်းများ ပို့ချခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် ကွန်ပျူတာစာစီစာရိုက်လုပ်ငန်း၊ မိတ္တူကူးလုပ်ငန်း၊ ဒစ်ဂျစ်တယ် ကင်မရာဖြင့် ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်း၊ အများပြည်သူများအတွက် ဒစ်ဂျစ်တယ်ဖုန်းဖြင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းကြောင့် ကျေးလက်ဒေသနေပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအတွက် များစွာအထောက်အကူပြုနိုင်ပြီး ကျောင်းသားကျောင်းသူများအတွက် ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ ရင်းနှီးကျွမ်းဝင်လာမည်ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ကျေးရွာရှိ ကျေးလက်ဆက်သွယ်ရေးဌာနဖွင့်ပွဲအခမ်းအနားအပြီးတွင် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

(ရန်ကုန်တိုင်း)

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနက နွေရာသီအားကစားသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ မေ ၇ ရက်က သိမ်ဖြူတင်းနစ်ကွင်းတွင် သင်တန်းသား၊သင်တန်းသူများ တင်းနစ်အားကစားနည်း သင်ကြားလေ့ကျင့်ကြစဉ်။

(ကြေးမုံ)

ပြင်ဦးလွင် သကြ်န်ရွှေဖလား တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၇

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် ပြင်ဦးလွင်ဂေါက်ကလပ်တို့က ကြီးမှူး၍ ၂၀၀၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် (၄၆) ကြိမ်မြောက် ပြင်ဦးလွင် သကြ်န်ရွှေဖလားတံခွန်စိုက် ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၁၂ရက်မှ ၁၅ရက်အထိ မန္တလေးတိုင်း ပြင်ဦးလွင် ဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional Golfer အဆင့်နှင့် အပျော်တမ်းအဆင့်များ ပါဝင်ပြီး တစ်ဦးချင်း အကျော့မဲ့ပြိုင်ပွဲ၊ တစ်ဦးချင်း အကျော့ပေးပြိုင်ပွဲ၊ အသင်းလိုက် အကျော့မဲ့ပြိုင်ပွဲနှင့် အသင်းလိုက် အကျော့ပေးပြိုင်ပွဲ၊ သက်ကြီးတန်းပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်သည်။

ကူညီပံ့ပိုး

ပြိုင်ပွဲကို KM Golf Centre နှင့် ပြင်ဦးလွင် ဂေါက်ကလပ်တို့က အဓိကပံ့ပိုးမည်ဖြစ်ပြီး Co-Sponsors များအဖြစ် Maruman၊ Shwe Sar Yan Golf Resort၊ Eden Group၊ Air Mandalay၊ Imperial Jade၊ MK Fashion Shop၊ VES၊ A.K ကုမ္ပဏီ၊ Wilson ၊ Tiger နှင့် Sun Far Travels and Tour တို့က ကူညီပံ့ပိုးကြမည်ဖြစ်သည်။

စုံစမ်းမေးမြန်း

အဆိုပါ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားမောင်မယ်များသည် ပြင်ဦးလွင် ဂေါက်ကလပ်သို့ အမည်စာရင်းများ ပေးသွင်းကြပြီး ပြိုင်ပွဲနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းနိုင်သည်။

ယင်းပြိုင်ပွဲ ဖြစ်မြောက် အောင်မြင်ရေးအတွက် Organized by Han Event Management နှင့် ပြင်ဦးလွင်ဂေါက်ကလပ်တို့က တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး Myanmar Golf Tour 2004 ပွဲစဉ်တစ်လျှောက်လုံးကို Rothmans of Pall Mall Myanmar Pte., Ltd. က Tour Sponsor အဖြစ် ကူညီပံ့ပိုးမည် ဖြစ်သည်။ (သတင်းစဉ်)

တရုတ်သတင်းစာဆရာအဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၇

ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်သမားနေ့စဉ်သတင်းစာ အယ်ဒီတာအဖွဲ့-အဖွဲ့ဝင် မစ္စတာ လျိုကျန်းမိန် ခေါင်းဆောင်သော တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး (သတင်း) ဦးလှထွန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ရွှေပြည်သာတံတားအနီးရှိ ငွေပင်လယ်ရေလုပ်ငန်း စက်မှုဇုန်အတွင်းရှိ ငွေပင်လယ်ငါးပေါင်းမှုန့်စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

✧ ကျောဖုံးမှ

ဖွင့်ပွဲအခမ်းအနားအစီအစဉ်ကို ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန်အဝင်မုခ်ဦးရှေ့၌ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့က ငွေပင်လယ်ရေလုပ်ငန်း စက်မှုဇုန်အဝင်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကမ္ပည်းကျောက်စာတိုင်ဖွင့်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။ ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန်ဖွင့်ပွဲ အောင်မြင်မှုအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ငွေပင်လယ်ရေလုပ်ငန်း စက်မှုဇုန်ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ငွေပင်လယ်စက်မှုဇုန် စီမံကိန်းဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာ၌ ယနေ့နိုင်ငံတကာတွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များ ထူထောင်လျက်ရှိကြကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များ ထူထောင်ပေးပြီး စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိက လုပ်ငန်းရှင်များကို အားပေးကူညီ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

အထောက်အကူပြု

ယနေ့ဖွင့်လှစ်သည့် ငွေပင်လယ်ရေလုပ်ငန်း စက်မှုဇုန်တွင်လည်း အခြေခံလိုအပ်ချက်များ ပြည့်ပြည့်စုံစုံ ထည့်သွင်းတည်ဆောက်ထားသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ၏ ရေထွက်သယံဇာတပစ္စည်းများကို အကျိုးရှိရှိ ထိုက်ထိုက်တန်တန် ထုတ်လုပ်အသုံးချနိုင်ရေးအတွက် များစွာ အထောက်အကူဖြစ်စေမှာဖြစ်၍ ခေတ်မီစက်မှုဇုန် အင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံသည့် ခေတ်မီစက်မှုဇုန်တစ်ခုဖြစ်အောင် စီမံကိန်းစီမံချက်ပါအတိုင်း စနစ်တကျ ထူထောင်သွားရန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်ပစ္စည်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ငွေပင်လယ်ရေလုပ်ငန်း စက်မှုဇုန်ရှိ ငွေပင်လယ်ငါးပေါင်းမှုန့်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားပြီး ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန်မှ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန်သည် လှိုင်သာယာမြို့နယ် ရွှေပြည်သာတံတားအနီး လှိုင်မြစ်ကမ်း၌ တည်ရှိပြီး အကျယ်အဝန်းမှာ ၂၁၃ဒသမ၄၃ဧကရှိသည်။ ယင်းမြေကွက်ပေါ်တွင် ၂ဒသမ၅ဧကမှ ၃ဒသမ၅ဧကအထိ ကျယ်ဝန်းသည့် မြေကွက်များ ဖော်ထုတ်ထားသည်။

ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန်သည် မြန်မာနိုင်ငံ၏ ပထမဆုံးသော ရေလုပ်ငန်းစက်မှုဇုန်ဖြစ်ပြီး ရေလုပ်ငန်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တစ်နေရာတည်းတွင် One Stop Service ရယူဆောင်ရွက်ရန်၊ Fish Meal Plant၊ Diesel Pump၊ Water Pump၊ Workshop၊ Cold Storage၊ Food Processing Zone၊ Value Added Processing Zone များ ပြည့်စုံစွာ ပါဝင်သည့်အပြင် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများပါ စီစဉ်ထားရှိမည်ဖြစ်သည်။ ထို့ပြင် ရေယာဉ်များဆိပ်ကမ်း၌ကမ်းကပ်၍ ရေထွက်ပစ္စည်းများကို လွယ်လင့်တကူ ရောင်းချနိုင်ရုံမျှမက ရေယာဉ်ပြင်ဆင်လွှန်းတင်ခြင်းများကိုပါ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းသိရသည်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ရွှေပြည်သာတံတားအနီးရှိ ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန်အဝင်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ရွှေပြည်သာတံတားအနီးရှိ ငွေပင်လယ်ရေလုပ်ငန်း စက်မှုဇုန်အတွင်း တည်ဆောက်နေသော ငွေပင်လယ်ငါးပေါင်းမှုန့်စက်ရုံကို တွေ့ရစဉ်။
(သတင်းစဉ်)

မီးကြောင်းမီးကျန် မရှိရန်
ကျင့်ကြံသတိ အမြဲရှိ

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၄-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ မြန်မာသကြံန်
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀ ၆။ မြန်မာသကြံန်
၅:၀၀ ၇။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -Hypothesis Testing III (စီးပွားရေး၊ စီးပွားစီမံ)
၅:၃၀ ၈။ တိုင်းကျိုးပြည်ပြုတို့ရှေးရှု
၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ မြန်မာ့ရှုခင်း
၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "မောင့်ရွှေနဖာစူး မယ့်ရွှေနဖူးစာ" (အပိုင်း-၂၄)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၁၈။ လျှပ်တစ်ပြက်ရိုက်ချက်
၁၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၂၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင်၊ မေတ္တာတရား" (အပိုင်း-၅)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

ဂုဏဝိသိဋ္ဌ ပူဇာမင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆိပ်ဖူးတောင်တောရ ကျောင်းတိုက်ကြီး၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဇောတိကအား ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ အခမ်းအနားနှင့် သိက္ခာထပ် ရဟန်းခံ ၊ရှင်ပြု၊ သီလရှင်ဝတ်ပွဲနှင့် သစ်ခွဲစက် ရေစက်ချ လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၅ ရက်တွင် ဆိပ်ဖူးတောင် တောရကျောင်း ဆိပ်ဖူးတောင် ပရဟိတဂေဟာ ဝင်းအတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ပြည်နယ် သံဃာ့ ဝန်ဆောင်ဆရာတော်များ၊ မြို့နယ်သံဃနာယက ဆရာတော်များ ကြွရောက်တော်မူကြပြီး နယ်မြေခံ ခြေမြန်တပ်မဌာနချုပ်မှ ဗိုလ်မှူးကြီးသက်နိုင်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှဝင်း၊ မြို့နယ် သာသနာရေးမှူး ဦးမောင်ညိုနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ သီဟသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ လူမှုထူးချွန်ပထမဆင့် ဒေါ်မိမိခင်နှင့် စေတနာရှင် အလှူရှင်များ၊ ဒါယကာ၊ ဒါယိကာမများ တက်ရောက် ကြည်ညိုကြသည်။

လောင်းလှူ

ရှေးဦးစွာ သိမ်ဆင်း သံဃာတော်များအား အလှူရှင်များက လှူဖွယ်ဝတ္ထုများကို လောင်းလှူကြသည်။ထို့နောက် အလှူမင်္ဂလာအခမ်းအနားကိုဆက်လက်ကျင်းပရာ ပရိသတ်တို့က နမောတဿ သုံးကြိမ် ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မြို့နယ် သာသနာရေးမှူး ဦးမောင်ညိုက မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ ဇောတိက၏ ထေရုပ္ပတ္တိကို လည်းကောင်း၊မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့် ရွှေတံဆိပ်ဆုရ ဂီတစာဆို တေးကဗျာ မင်းယုက လူးတားညှပ်ထပ်တွန့် ရှစ်ဆယ်ပေါ်တေးထပ်ဖြင့် လည်းကောင်း ဂုဏ်ပြုပူဇော်ကြသည်။

ဆက်ကပ်

ဆက်လက်၍ ပရိသတ်တို့က ပြည်နယ် သံဃာ့ဝန်ဆောင် ရွှေကျောင်းဆရာတော် ဘဒ္ဒန္တ ကုသလထံမှ ငါးပါးသီလခံယူကြပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တ ကုသလက ရေစက်ချ တရားချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သဲအင်းဂူ သကြ္ကန်တွင်း အဓိဋ္ဌာန်စခန်းကျင်းပမည်

ရန်ကုန် ဧပြီ ၇

ဇလွန်မြို့ မစိုးရိမ်ကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သဲအင်းဂူရိပ်သာအမှတ်စဉ် (၂၅)၌ အဓိဋ္ဌာန်စခန်းပွဲကို ဧပြီ ၁၁ရက်မှ ၁၇ရက်ထိ ကျင်းပမည်ဖြစ်သည်။တရားစခန်းပွဲတွင် ဆရာဦးမောင်ကြည် (ပန်းတနော်)က ဟောကြားပြသမည်ဖြစ်သည်။(က-ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ အမျိုးသမီးရေးရာ အဖွဲ့ဝင် အဆိုပြုလွှာများ ပေးအပ်ပွဲကို မတ် ၂၄ ရက်က တောင်ကြီးမြို့ ပြည်နယ်အစည်းအဝေးခန်းမတွင် ကျင်းပရာ ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှူး ဦးနိုင်ဝင်း၏ ဇနီး ဒေါ်လှမွန်က ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းဗိုခမ်းထံ အဆိုပြုလွှာ ၇၂ စောင်ကို ပေးအပ်စဉ်။ (က-ပ)

ဓမ္မဒူတ ဇေတဝန်တောရကျောင်း တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၇

မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတ ဇေတဝန်တောရ ဆောက်ဗွာ ရာမကျောင်းတိုက်ကြီး၌ သကြ္ကန်ခုနစ်ရက်တရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ ကြိုတင်စာရင်းပေးသွင်းသူများကိုသာ လက်ခံမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများသည် ဧပြီ ၁၁ ရက် ညနေ ၃ နာရီနောက်ပိုင်းအရောက်လာကြရန်နှင့် ဦးလှကြည် ဖုန်း-၂၄၆၇၈၈ လိုင်းခွဲ-၃၀၊ ဇာနည်ညီနောင် ဆေးဆိုင် ဖုန်း-၂၉၃၅၆၇၊ ရှိုင်းဟုတ်ကုမ္ပဏီ ဖုန်း-၅၁၄၇၆၈နှင့် ဦးဝင်းရွှေ ဖုန်း-၇၀၇၁၂၉ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ချောက်မြို့၊ ကင်မွန်းခြံရပ်ကွက်၊ အမှတ် (၂၀၂) နေ
ဦးဘိုနီ (ဒု-စက်ရုံမှူး၊ အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ၊ စလေ) - ဒေါ်မြင့်မြင့်အေး
တို့၏သား
မောင်အောင်ဆန်းမိုး B.E (Electronics)
Systems Engineer, T.COM Pte Ltd. Singapore
နှင့်
ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အမှတ် (၁၈-A) ပြည်ထောင်စုရိပ်သာနေ
ပါမောက္ခ ဒေါက်တာဦးမြင့်ကြူ(ဓာတ်မှန်ဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)-
ဒေါက်တာဒေါ်ခင်မြင့်ဆွေ (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး) တို့၏သမီး
ဒေါက်တာသီတာဝင်း M.B.B.S., M.Med. Sc (Radiology)
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

တို့၏ ၄-၄-၂၀၀၄(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ Traders Hotel (Myanmar Ball Room) ခန်းမ၌ ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးကြသော အငြိမ်းစား ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး(အငြိမ်းစား) မောင်မောင်ခင်နှင့်ဇနီး၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဒေါ်နန်းဦး၊ မင်္ဂလာလက်စွပ်တို့ကို ချီးမြှင့်ပေးကြသော ပါမောက္ခ ဒေါက်တာဦးမောင်မောင်ဝင့်၊ ညွှန်ကြားရေးမှူးချုပ် ဆေးသိပ္ပံပညာဦးစီးဌာနနှင့် ဇနီး ဒေါ်လဲ့လဲ့ယု၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်သော ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ပါမောက္ခ ဒေါက်တာဦးကျော်မြင့်နှင့် ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ဇနီး၊ ဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်သော ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာဦးမြဦးနှင့် ဇနီးနှင့် ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ ၂-၄-၂၀၀၄ရက်တွင် နေအိမ်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ် ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်းနှင့် ဇနီးတို့အား လည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော ဒေါက်တာထိုက်မြတ်ဖြူ၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ဒေါ်တင်တင်မြနှင့် A-1စိုးမြင့် တေးဂီတအဖွဲ့၊ သတို့သမီးဝတ်စုံ မရတနာ၊ ပန်းအလှပြင် မစန်းစန်းဦး၊ မိတ်ကပ်အလှပြင် စိုးစိုး၊ မှတ်တမ်းတင်ဓာတ်ပုံ စိုင်းဘုန်းထူးအဖွဲ့နှင့်တကွ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ဒေါက်တာဝင့်နွယ်လှိုင်နှင့် သူငယ်ချင်းများ၊ Traders Hotel မှ ဝန်ထမ်းများ၊ လက်ဆောင်ပစ္စည်းများ ပေးပို့ကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအားလုံးကို ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်ဆန်းမိုး- ဒေါက်တာသီတာဝင်း။



တံတားဖြတ်သန်းခ လေလံကြော်ငြာ

၁။ ပဲခူးတိုင်းအတွင်းရှိ အောက်ဖော်ပြပါ တံတားများအား ၂၀၀၄ခုနှစ် ဧပြီလ ၂၂ရက် (၀၉:၀၀)နာရီအချိန် ပဲခူးမြို့၊ ဥဿာမြို့သစ်၊ သီရိဥဿာခန်းမတွင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

(က) နဝဒေးတံတား	(ခ) ခပေါင်းတံတား
(ဂ) ကောလိယတံတား	(ဃ) ကွင်းချောင်းတံတား
(င) ဖြူးချောင်းတံတား	(စ) ကျွန်းကလေးတံတား
(ဆ) ရဲနွယ်တံတား	(ဇ) သူရဲတန်းတံတား
(ဈ) စစ်တောင်းတံတား(ရွှေကျင်)	

၂။ စိတ်ပါဝင်စားသူများ လေလံနှင့်ပတ်သက်၍ လေလံစည်းကမ်းချက် အသေးစိတ်အား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး တောင်ငူမြို့နှင့် ပဲခူးမြို့တို့တွင် ကြည့်ရှုနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

တံတားဖြတ်သန်းခ လေလံရောင်းချရေးကော်မတီ။

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၄၀)ဖြစ်သည်။

(၆)ကြိမ်မြောက် မုန့်ဟင်းခါး ပြိုင်ပွဲကြီး

ရန်ကုန် ဧပြီ ၇

မြန်မာစားဖိုမှူးကြီးများ အသင်းမှ ကြီးမှူး၍ (၆)ကြိမ်မြောက် မုန့်ဟင်းခါးပွဲတော်ကြီးကို မေ (၈)ရက် စနေနေ့နှင့် မေ (၉)ရက် တနင်္ဂနွေနေ့များတွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရန် စိတ်ဝင်စားသူများ၊ မုန့်ဟင်းခါးဆိုင်များ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ မည်သူမဆို ပြိုင်ပွဲဝင်ရန်အတွက် ဦးအိုလီဗာစိုးသက် မြန်မာစားဖိုမှူးကြီးများ ဖုန်း-၅၀၁၁၂၃ နှင့် ဦးသန်းလွင် ဖုန်း-၇၂၃၆၆၈ တို့ထံ စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့်ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) **တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆိုကြိုးပမ်းမှုများကို မပြုလုပ်ရန်။**

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

ရွှေသာယာ မော်တော်ကားထုတ်လုပ်ရေးမှ လုပ်ငန်းတိုးချဲ့ လုပ်ကိုင်ရန်အတွက် WAGON နှင့် TRUCK ကား တပ်ဆင်ထုတ်လုပ်နိုင်သော ကျွမ်းကျင်ဘော်ဒီဆရာ (၁၀)ဦး အလိုရှိပါသည်။

အလုပ်လျှောက်လွှာများကို အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံစာ၊ ပညာအရည်အချင်း၊ လုပ်ငန်းအတွေ့အကြုံအတွက် လိုအပ်သော အထောက်အထားမိတ္တူများ၊ ကိုယ်ရေးသမိုင်းအကျဉ်းစသည်တို့ကို ကြော်ငြာသည့်နေ့မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါ လိပ်စာတွင် လျှောက်ထားနိုင်သည်။

မိဘကျေးဇူး ကုမ္ပဏီလီမိတက်
အမှတ်(၃၄)၊ မြေညီထပ်
စဥ့်အိုးတန်းလမ်း(အောက်ဘလောက်)၊ လသာမြို့နယ်။

အမည်ပြည့်စွက်ခြင်း

သထုံမြို့နယ် သိမ်ဆိပ်ကျေးရွာနေ ဦးအိပ်တျောင်း၏ သားဖြစ်သူ မောင်မိုးကျော်ဦး [၁၀/သထန(နိုင်) ၀၉၀၇၅၈]အား ယနေ့မှစ၍ မောင်မိုးကျော်ဦး (ခ) မောင်ကိုကိုကျော် ဟု ပြောင်းလဲခေါ်ပါရန်။

M3Wi
Myanmar WWW Institute
Bldg (5), Room (4), MICT Park
Hlaing Campus, Yangon
Call Now!! 65 22 88
အချိန်တိုအတွင်း JAVA ကို ကျွမ်းကျင်စွာတတ်မြောက်လိုသူများအတွက် . . .
Certified Java Programmer Course
Opening Date : 23 April 2004 (4 days/week - 3 hrs/day)
▶▶ 3WI (Geneva) ၏ နိုင်ငံတကာအသိအမှတ်ပြု အောင်လက်မှတ်ကို ရရှိမည့်အပြင် မကြာမီကာလအတွင်း ပြည်တွင်းမှာပင်ဖြေဆိုခွင့်ရရှိနိုင်တော့မည့် SUN Enterprise CJP Exam ကို အောင်မြင်စွာဖြေဆိုနိုင်ရန် လေ့ကျင့်ပြင်ဆင်ပေးမည်ဖြစ်ပါသည်။
▶▶ သင်တန်းပြီးဆုံးပါက ပြည်တွင်း IT ကုမ္ပဏီများတွင် အလုပ်အကိုင်ရရှိနိုင်ရန် အကူအညီပေးမည့်အပြင် ပြည်တွင်း/ပ အလုပ်လျှောက်ထားရာတွင် လွယ်ကူစေရန် mail4u အီးမေးလ်တစ်ခုရရှိမည်ဖြစ်သည်။

မိုင်းဖြတ်မြို့နယ် ဝမ်နောင် ကျေးလက်ကတ္တရာလမ်းဖွင့်

မိုင်းဖြတ် မတ် ၃၀

မိုင်းဖြတ်မြို့နယ် ဝမ်နောင် ကျေးလက်ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ ရက် နံနက်က အဆိုပါလမ်းမုခ်ဦးတွင် ကျင်းပရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုးနှင့် အဖွဲ့၊ မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွှန့်နှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွှန့်နှင့် အမှုဆောင်အရာရှိ ဦးကိုကိုတို့က လမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် အထိမ်းအမှတ်အလံများ ပေးအပ်ကြပြီး လမ်းသစ်အား ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး၊ မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွှန့်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းသည် အရှည်ပေ ၃၆၀၀ ရှိပြီး နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၂၅၀၀၀၀၀၊ အဖွဲ့ရန်ပုံငွေ ကျပ် ၇၇၀၀၀၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၅၀၀၀၀ စုစုပေါင်း ၃၄၂၀၀၀၀ ကုန်ကျပြီး ဝမ်နောင်ရွာနှင့် မိုင်းဖြတ်မြို့ကို ရာသီမရွေး သွားလာနိုင်ပြီဖြစ်သည်။ **(အောက်ပုံ)** **(က–ပ)**

သရက်ငူ–မရမ်း ကျေးလက်ကျောက်ချောလမ်း(ဒုတိယပိုင်း)နှင့် ချောင်းကလေး–ကျုံပဒေါ ကျေးလက်ကျောက်ချောလမ်းဖွင့်

ရန်ကုန် ဧပြီ ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်သည့် သရက်ငူ–မရမ်း ကျေးလက်ကျောက်ချောလမ်း(ဒုတိယပိုင်း)နှင့် ချောင်းကလေး–ကျုံပဒေါ ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားများသို့ မတ် ၂၅ ရက်က တက်ရောက်ခဲ့သည်။

အခမ်းအနားသို့ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်၊ ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်ခဲ့

သရက်ငူ–မရမ်း ကျေးလက်ကျောက်ချောလမ်း(ဒုတိယပိုင်း)မှာ အရှည် တစ်မိုင်နှစ်ဖာလုံ၊ အကျယ် ရှစ်ပေဖြစ်ပြီး နိုင်ငံတော်ထောက်ပံ့ငွေကျပ်၄၂ဒသမ၁၂ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကျင်းပ

ဆက်လက်၍ ချောင်းကလေး–ကျုံပဒေါ ကျေးလက်ကျောက်ချောလမ်း ဖွင့်ပွဲကို ဆက်လက်ကျင်းပသည်။ ချောင်းကလေး – ကျုံပဒေါလမ်းသည် အရှည်ပေ ၃၈၅၀၊ အကျယ်ရှစ်ပေဖြစ်ပြီး နိုင်ငံတော်ထောက်ပံ့ငွေ ကျပ် ၃၈ သိန်းဖြင့် ဆောင်ရွက်ခဲ့သော လမ်းဖြစ်သည်။

အဆိုပါ ကျောက်ချောလမ်းများ ဖွင့်လှစ်နိုင်ခြင်းကြောင့် ကျေးရွာအုပ်စု ငါးအုပ်စု၊ ကျေးရွာပေါင်း ၅၁ ရွာရှိ ကျေးလက်ပြည်သူများ ရာသီမရွေး သွားလာနိုင်ပြီး အခြားမြို့နယ်များသို့ ဆက်သွယ်သွားလာမှု လွယ်ကူစေမည် ဖြစ်သည်။ **(က–ပ)**

သင်္ကြန်တွင်း ခုနစ်ရက်တရားစခန်း

ဂန့်ဂေါ ဧပြီ ၆

ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါ မုံလယ်တောရ ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရသည် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ဧပြီ ၁၂ ရက်မှစ၍ သင်္ကြန်ရက်များတွင် ခုနစ်ရက်တိုင်တိုင် ဝိပဿနာတရားများ ဟောကြားပြသမည်ဖြစ်ရာ စခန်းဝင်လိုသူ ယောဂီများ ပဲခူးတိုင်း အင်းတကော် ဆယ်မိုင်ကုန်း မုံလယ်တောရ ဓမ္မရိပ်သာသို့ ဧပြီ ၁၁ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီ အရောက် လာရောက်ကြရန်နှင့် ဧပြီ ၁၉ ရက် (တနင်္လာနေ့) နံနက် ၇ နာရီတွင် ရေစက်ချ စခန်းသိမ်းမည်ဖြစ်သည်။ **(က–ပ)**

ကွင်းဆင်းစစ်ဆေး

ဖျာပုံမြို့နယ်စည်ပင်သာယာရေး အဖွဲ့ ကျုံကဒွန်း–ဘုန်းကြီးသောင် ကျောက်ချောလမ်း ခင်းခြင်းဆောင်ရွက်မှုအခြေအနေကို မတ် ၃၁ ရက်က စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကျော်စန်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆန်းဝင်းတို့က ရှင်းလင်းပြသကြစဉ်။ (၃၈၃)

မိုးကုတ်ဝိပဿနာ တရားတော်များဟောကြားမည်

ကျောက်တန်း ဧပြီ ၆

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် သူရိယာရာမ မိုးကုတ်ဝိပဿနာ ကျောင်းသစ်ကျောင်းတွင် ဘဒ္ဒန္တသူရိယသည် ၁၃၆၆ ခု တန်ခူးလပြည့်ကျော် ၆ ရက်မှ ၁၂ ရက်ထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ **(က–ပ)**

တကောင်းမြို့ လဝကရုံးသစ် ဆောက်လုပ်ရန် ပန္နက်တင် မင်္ဂလာအခမ်းအနား ကျင်းပ

တကောင်း မတ် ၃၀

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် တကောင်းမြို့နယ်ခွဲ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန ရုံးသစ်ဆောက်လုပ်ရန်ပန္နက်တင်မင်္ဂလာ အခမ်းအနားကို မတ် ၁၆ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ဦးစီးဌာနရုံးသစ် ဆောက်လုပ်မည့် မြေနေရာတွင် ကျင်းပရာ မန္တလေးတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန့်ဇင်ဦး၊ ပြင်ဦးလွင်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းဘုန်းတင့်၊ တကောင်းမြို့နယ်ခွဲ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးအောင်နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန့်ဇင်ဦးက ရုံးသစ်ဆောက်လုပ်မည့် မြေနေရာကို ပန္နက်တင်ရိုက်ပေးသည်။

ထို့နောက် ပြင်ဦးလွင်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းဘုန်းတင့်က ရုံးသစ်ဆောက်လုပ်မည့် မြေနေရာတွင် အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်စိုက်ပျိုးပေးကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မြို့နယ် သတင်းများ

မတ် ၂၄ ရက် နံနက် ၈ နာရီက ပေါင်မြို့ ကဒါရပ်ကွက် နိဗ္ဗာန်လမ်း ကျောက်ချောလမ်းသစ်အား ပေါင်မြို့နယ်ဥက္ကဋ္ဌ ဦးမြကြိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၂၅၅)

မျက်စိဝေဒနာရှင်များအား အခမဲ့ဆေးကုသ

မြောင်းမြ မတ် ၃၁

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်မှု၊ ဧရာဝတီတိုင်း မိခင်နှင့်ကလေး (ကြီးကြပ်) ကော်မတီ၏ လမ်းညွှန်မှုအရ မျက်စိတိမ်စွဲကပ်သော ဝေဒနာရှင်များအား အခမဲ့ မျက်စိခွဲစိတ်ကုသမှု လုပ်ငန်းများ ဆောင်ရွက်ရန် ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ ပါမောက္ခ ဒေါ်မြင့်ခိုင် ခေါင်းဆောင်သော မျက်စိအထူးကုဆရာဝန် ရှစ်ဦးနှင့် သူနာပြု သုံးဦး ပေါင်း ၁၁ ဦး၊ ဧရာဝတီတိုင်း ကျန်းမာရေးဦးစီးဌာန မျက်စိအထူးကုဆရာဝန် ဒေါ်သန်းသန်းထွေးတို့ ပါဝင်သော အဖွဲ့သည် မြောင်းမြမြို့ ပြည်သူ့ဆေးရုံကြီး ခွဲစိတ်ခန်းတွင် မတ် ၂၂ ရက်မှ ၂၄ ရက်ထိ မျက်စိခွဲစိတ်ကုသမှု လုပ်ငန်းဆောင်ရွက်ရာ မြောင်းမြခရိုင် အတွင်းရှိ မျက်စိဝေဒနာရှင် ၃၅၀ ဦး တို့အား စမ်းသပ်ကြည့်ရှုပြီး အတွင်းတိမ်ရောဂါ ဝေဒနာရှင် ၁၁၀ ဦး၊ ရေတိမ် သုံးဦး၊ အသေးစားခွဲစိတ်ကုသမှု ၁၀ ဦး စုစုပေါင်း ၁၂၃ ဦးတို့အား အတွင်းတိမ်ခွဲထုတ်ခြင်း၊ မှန်ထည့်ခြင်းနှင့် လိုအပ်သော ဆေးဝါးနှင့် မျက်စဉ်းတို့ကို အထူးကုအဖွဲ့မှ အခမဲ့လှူဒါန်းကုသပေးခဲ့သည်။

ပံ့ပိုးကူညီ

အဆိုပါအဖွဲ့ကို မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက၊ ခရိုင်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်နွဲ့နွဲ့ဝင်းနှင့် အဖွဲ့ဝင်များ၊ မြောင်းမြခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများက လိုအပ်သည်များကို ပံ့ပိုးကူညီပေးကြသည်။ **(ဝဲပုံ)**

(ခရိုင်ပြန်/ဆက်)

ရေနံချောင်း၌ ရေနုတ်မြောင်းတူးဖော်

ရေနံချောင်း မတ် ၃၀

ရေနံချောင်းမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့ဈေးကြီး ရေစီးရေလာကောင်းမွန်ရေး၊ ရေနုတ်မြောင်းသဲ၊ နုန်းများ ဆယ်ယူခြင်း၊ စွန့်ပစ်ခြင်း လုပ်ငန်းများကို မတ် ၂၉ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသန်းဦး၊ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးမြင့်ဝင်းနှင့် ဝန်ထမ်းများက ပေ ၃၀၀ အရှည်၊ အကျယ်သုံးပေ၊ အနက်သုံးပေရှိ ရေနုတ်မြောင်းအား ပြန်လည်တူးဖော်ကြောင်း သိရသည်။ **(၂၀၈)**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃–၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ပင်းဟဲကျေးရွာ ကျေးလက်ရေပေးရေး လေးလက်မ အဝီစိတွင်း တူးဖော်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း မတ် ၁၈ ရက်က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ပုသိမ်မြို့၊ ဗိုလ်ဗထွေးလမ်း၊ အမှတ်(၇၁၂)နေ
ဦးစိုးညွန့်(မြို့နယ်ကျန်းမာရေးမှူး၊ ဇရာဝတီတိုင်း) - ဒေါ်သိန်းသိန်း
တို့၏သား

ဗိုလ်ကြီးအောင်အောင် (တ၈-၂၅)

နှင့်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း(၃၀)၊ အမှတ်(၁၄၆)နေ
ဦးအောင်မြင့်(လ/ထညွှန်ကြားရေးမှူး၊ ငြိမ်း၊ အလုပ်သမားဝန်ကြီးဌာန) -
ဒေါ်မြမြ(အောင်မြန်မာလျှပ်စစ်)တို့၏သမီး

မမီမီအောင်မြင့် (B.Act)

ရန်ကုန်စီးပွားရေးတက္ကသိုလ်

တို့၏ ၄-၄-၂၀၀၄ရက်(တနင်္ဂနွေ)တွင် ရန်ကုန်မြို့၊ IBC ခန်းမ(ပြည်လမ်း)၌ ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော ရန်ကုန်မြို့ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့်ဇနီး ဒေါက်တာဒေါ်ခင်စန်းနွယ်၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော ဒုတိယတပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်မှူးကြီးစိုးမြင့်နှင့်ဇနီး ဒေါ်ခင်ဝါဝါ၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော တပ်မတော်နှင့်နယ်ဘက် ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော ဒေါ်ရတနာဦး၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော စန္ဒရားသိန်းမြင့်သန်း တေးဂီတအဖွဲ့၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်အလှဖန်တီးရှင် ခင်စန်းဝင်း၊ မင်္ဂလာပန်းကြဲပေးသော မမြတ်နိုးပိုင်၊ မင်္ဂလာပန်းကုံးနှင့်လက်စွပ် ကိုင်ဆောင်ပေးသော မသီရိထူးနှင့် မမိုးမိုးအေး၊ မေတ္တာဖြင့်ကူညီပေးသော ဓာတ်ပုံ ကိုကျော်သူမြင့်အောင်နှင့်အဖွဲ့၊ Video/ဓာတ်ပုံ IBCအဖွဲ့၊ IBC ဝန်ထမ်းများနှင့် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးသူများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးအောင်အောင် - မမီမီအောင်မြင့်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်းတရားရုံး၊ နယ်တရားမရုံး၌
၂၀၀၄ခုနှစ်၊ တရားမကြီးအမှုအမှတ်-၂၂၈

ဒေါ်ရီရီအေးပါ-၂ **နှင့်** ဦးမြဟံပါ-၁၀
တရားလို **တရားခံ**

(၁)ဦးမြဟံ၊ (၂)ဒေါ်အုံးညွန့် အမှတ်(၄/က-ခ)၊ အောင်တေဇလမ်း၊ ဗျိုင်းရေအိုးစင်ရပ်ကွက်၊ တာမွေမြို့နယ်(ယခုနေရပ်လိပ်စာမသိ)၊ (၃)ဦးစိုးမြိုင် အမှတ်(၄/ခ)၊ အောင်တေဇလမ်း၊ ဗျိုင်းရေအိုးစင်ရပ်ကွက်၊ တာမွေမြို့နယ် (ယခုနေရပ်လိပ်စာမသိ)၊ (၄)ဦးထွန်းအောင်၊ (၅)ဒေါ်ခင်ဝင်းမြင့်၊ (၆)ဒေါ်ပု၊ (၇)ဦးလှသောင်း၊ (၈)ဒေါ်ရွှေသိန်း၊ (၉)မောင်ခင်ဇော် အမှတ်(၄/က)၊ အောင်တေဇလမ်း၊ ဗျိုင်းရေအိုးစင်ရပ်ကွက်၊ တာမွေမြို့နယ်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ရီရီအေးပါ-၂က အိမ်နှင့်မြေ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ် ဧပြီလ ၂၀ရက် (၁၃၆၆ခုနှစ်၊ ကဆုန်လဆန်း ၂ရက်နေ့) နံနက်၉နာရီ အချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည် များနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၀၄ခုနှစ် မတ်လ၂၉ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

အေးအေးမင်း
တွဲဖက်တိုင်းတရားသူကြီး(၁၄)
ရန်ကုန်တိုင်းတရားရုံး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်း၂၀-က)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
